ပထမပုဂ္ဂလိကဘာသာလိမိတက်

၂၀၁၈ ခုနှစ် ၊ စက်တင်ဘာလ ၊ (၃၀) ရက်ကုန်ဆုံးသော ဘဏ္ဍာနှစ်၏ ဘဏ္ဍာရေးရှင်းတမ်းများ

-ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း

-၀င်ငွေအလုံးစုံပါ၀င်သောရှင်းတမ်း

-အစုရှယ်ယာများ၏ပိုင်ဆိုင်ခွင့်ပြောင်းလဲမှုရှင်းတမ်း

-ငွေသားစီးဆင်းမှု ရှင်းတမ်း

-နောက်ဆက်တွဲဖော်ပြချက်များ

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁။ | ပြင်ပစာရင်းစစ်အစီရင်ခံစာ | ၁ | ၃ |
| ၂။ | ဒါရိုက်တာအဖွဲ့ဝင်များ၏တာဝန်ဝတ္တရားများ | ၄ | ၅ |
| ၃။ | ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း | ၆ | |
| ၄။ | ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း | ၇ | |
| ၅။ | အစုရှယ်ယာများ၏ပိုင်ဆိုင်ခွင့်ပြောင်းလဲမှုရှင်းတမ်း | ၈ | |
| ၆။ | ငွေသားစီးဆင်းမှု ရှင်းတမ်း | ၉ | |
| ၇။ | နောက်ဆက်တွဲဖော်ပြချက်များ | ၁၀ | ၂၃ |
| ၈။ | နောက်ဆက်တွဲဇယား | ၂၄ | |

SEIN WIN
& ASSOCIATES
Accounting, Auditing & Consultancy Services

Building (6), Room (323), Kyaikkasan Housing, Marlarnwe Street, Tamwe (B) Ward, Tamwe Township, Yangon.
Tel : 01-400164, 01-8603760, 09-50 37962 Fax: 01-8603760 E-mail : usw.topaudit@gmail.com, topswconltd@gmail.com

SEIN WIN & ASSOCIATES
U Sein Win
C.P.A 495

# ပြင်ပစာရင်းစစ်အစီရင်ခံစာ

## ပထမပုဂ္ဂလိကဘဏ်လီမိတက်

## အစုရှယ်ယာရှင်များနှင့် ဒါရိုက်တာအဖွဲ့ဝင်များသို့

## ဘဏ္ဍာရေးရှင်းတမ်းများအပေါ် စာရင်းစစ်ဆေးခြင်းအစီရင်ခံစာ

### ထင်မြင်ယူဆချက်

ကျွန်တော်များစာရင်းစစ်အဖွဲ့သည် ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက်နေ့ရှိ ဘဏ္ဍာရေး အခြေအနေပြရှင်းတမ်းနှင့် ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း၊ ငွေသားစီးဆင်းမှုရှင်းတမ်းနှင့် အရေးပါသော စာရင်းဆိုင်ရာမူဝါဒများ အကျဉ်းချုပ်နှင့် အခြားရှင်းလင်းဖော်ပြထားသော မှတ်စုများပါဝင်သည့် ဘဏ္ဍာရေးရှင်းတမ်းများကိုစစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

ဘဏ္ဍာရေးရှင်းတမ်းများသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါပြဋ္ဌာန်းချက်များနှင့် မြန်မာနိုင်ငံဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများနှင့်အညီ ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက်နေ့ရှိဘဏ္ဍာရေး အခြေအနေနှင့် ထိုနေ့ကုန်ဆုံးသော နှစ်အတွက် လုပ်ငန်းဆောင်ရွက်မှုရလာဒ်များနှင့် ငွေသားစီးဆင်းမှု နှင့်စပ်လျဉ်းသည့်ဖော်ပြချက်များအားလုံးတွင် စီမံအုပ်ချုပ်မှုအဖွဲ့သို့ပေးပို့သည့်စာပါအချက်များမှအပ ကျန်ဖော်ပြချက်များ အားလုံးသည်သင့်လျော်မှန်ကန်စွာ ဖော်ပြထားကြောင်း ကျွန်တော်တို့ထင်မြင်ယူဆပါသည်။

### စာရင်းစစ်ထင်မြင်ယူဆချက်ပေါ်အခြေခံမှု

ကျွန်တော်တို့၏စာရင်းစစ်ဆေးခြင်းကို မြန်မာနိုင်ငံစာရင်းစစ်ဆိုင်ရာစံများအရ စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။ စာရင်းစစ် အစီရင်ခံစာ၏ စာရင်းစစ်၏တာဝန်ဆိုသော အပိုဒ်တွင်လည်း ကျွန်တော်တို့၏တာဝန်ဝတ္တရားများကို စံများနှင့်အညီ ထပ်မံထည့်သွင်းဖော်ပြထားပါသည်။ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများ စာရင်းစစ်ဆေးခြင်းနှင့် ပတ်သက်၍ ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များအရ ကျွန်တော်တို့သည် ဘဏ်များနှင့်မှီခိုမှုကင်းလွတ်ပြီး အခြားသော ကျင့်ဝတ်ပိုင်းဆိုင်ရာတာဝန်ဝတ္တရားများကိုလည်း ပြည့်မှီအောင်ဆောင်ရွက်ထားရှိပါသည်။ ကျွန်တော်တို့ ရရှိထားသော စာရင်းစစ်ဆေးခြင်းဆိုင်ရာ အထောက်အထားများသည် ကျွန်တော်တို့၏ ထင်မြင်ယူဆချက်ကိုပေးရန် သင့်လျော်မှုရှိပြီး ပြည့်စုံလုံလောက်သည်ဟုယုံကြည်ပါသည်။

### အရေးပါသောစာရင်းစစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်

အရေးပါသောစာရင်းစစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်များဆိုသည်မှာ ကျွန်တော်များ လက်ရှိစစ်ဆေးနေသော ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများအပေါ်တွင်အရေးပါသော အချက်များဟု မိမိတို့၏ အတတ်ပညာကျွမ်းကျင်မှုအရ ဆုံးဖြတ်ထားသည့်အချက်အလက်များ ပင်ဖြစ်ပါသည်။ ထိုကိစ္စရပ်များသည်ကျွန်တော်တို့၏ ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများအားစစ်ဆေးမှုတစ်ခုလုံးကို ဆိုလိုပြီးယင်းပေါ်တွင် အခြေခံ၍ကျွန်တော်တို့၏ ထင်မြင်ယူဆချက်များ ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။ အဆိုပါကိစ္စရပ်နှင့် ပတ်သက်၍ သီးခြားထင်မြင်ယူဆချက်များ ပေးသွားမည်မဟုတ်ပါ။

**အခြားသတင်းအချက်အလက်များ**

အခြားသတင်းအချက်အလက် ဖော်ပြထားခြင်းများသည် စီမံအုပ်ချုပ်သူများ၏တာဝန်ဖြစ်ပါသည်။ အဆိုပါ အခြားသတင်းအချက်အလက်များတွင် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ အပါအဝင်ဖြစ်သော်လည်း ဘဏ္ဍာရေးရှင်းတမ်းများနှင့်စာရင်းစစ် အစီရင်ခံစာများမပါဝင်ပါ။

ကျွန်တော်တို့၏ ဘဏ္ဍာရေးရှင်းတမ်းများနှင့်စပ်လျဉ်းသော ထင်မြင်ယူဆချက်သည် အခြားသတင်းအချက်အလက်များနှင့်မသက်ဆိုင်ပါ။ ယင်းပေါ်တွင်အခြေခံသည့် မည်သည့်အာမခံချက်ဆိုင်ရာကောက်နှုတ်ချက်များကိုမျှ ဖော်ပြမည်မဟုတ်ပါ။

**စီမံအုပ်ချုပ်သူများနှင့် ဘဏ္ဍာရေးရှင်းတမ်းများအတွက်အုပ်ချုပ်မှုတာဝန်ရှိသူများ၏ တာဝန်**

ဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါပြဋ္ဌာန်းချက်များ၊ မြန်မာနိုင်ငံဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများနှင့်အညီရေးဆွဲရန်၊ သင့်လျော်မှန်ကန်စွာဖော်ပြရန်နှင့် မသမာမှု သို့မဟုတ် မှားယွင်းမှုတို့ကြောင့် အရေးပါသော မှားယွင်းဖော်ပြမှုကင်းသည့် သင့်လျော်မှန်ကန်သော ဘဏ္ဍာရေးရှင်းတမ်းများကို ရေးဆွဲဖော်ပြရန်အတွက် စီမံခန့်ခွဲသူများမှလိုအပ်သည်ဟု သတ်မှတ်သည့်လုပ်ငန်းတွင်းထိန်းချုပ်မှု ထားရှိရန်တို့မှာ စီမံအုပ်ချုပ်သူများ၏ တာဝန်ဖြစ်ပါသည်။ စီမံအုပ်ချုပ်သူများသည်ဘဏ်ကို စာရင်းရှင်းလင်း ဖျက်သိမ်းရန် ရည်ရွယ်ခြင်း သို့မဟုတ် လုပ်ငန်းများ ရပ်ဆိုင်းခြင်း သို့မဟုတ် လက်တွေ့ကျသောအခြားနည်းလမ်းမရှိခြင်းတို့မှအပ ဘဏ္ဍာရေးရှင်းတမ်း များရေးဆွဲပြုစုရာတွင် ဘဏ်၏ရှေ့ဆက်လုပ်ကိုင်နိုင် မည့်စွမ်းရည်၊ အဆိုပါအခြေအနေနှင့်သက်ဆိုင်သည် များကိုဖော်ပြရန်၊ ရှေ့ဆက် လုပ်ကိုင်မည့် အခြေအနေပေါ်မူတည်၍ စာရင်းရေးသွင်းခြင်းတို့ကို အကဲဖြတ်ရန်အတွက် တာဝန်ရှိပါသည်။ အုပ်ချုပ်မှုတာဝန်ရှိသူများသည် ဘဏ်၏ဘဏ္ဍာရေးအစီရင်ခံခြင်းဖြစ်စဉ်ကို ကြီးကြပ်ရန်တာဝန်ရှိပါသည်။

**ဘဏ္ဍာရေးရှင်းတမ်းများစာရင်းစစ်ဆေးခြင်းအပေါ် စာရင်းစစ်၏တာဝန်**

ကျွန်တော်တို့၏ရည်ရွယ်ချက်မှာဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများကို ခြုံငုံ၍ မသမာမှု သို့မဟုတ် မှားယွင်းမှုတို့ကြောင့် အရေးပါသောမှားယွင်းဖော်ပြမှုများမှ ကင်းရှင်းကြောင်း ကျိုးကြောင်းဆီလျော်စွာ သေချာမှုရှိစေရန်နှင့် ကျွန်တော်တို့၏ ထင်မြင်ယူဆချက်ပါဝင်သည့် စာရင်းစစ်အစီရင်ခံစာကို တင်ပြရန်ဖြစ်ပါသည်။ ကျိုးကြောင် းဆီလျော်စွာ သေချာမှုရှိသည် ဆိုရာတွင်မြင့်မားသည့် အာမခံချက်ဖြစ်သော်လည်း မြန်မာနိုင်ငံစာရင်းစစ်ဆေးခြင်း ဆိုင်ရာစံများနှင့်အညီ စာရင်းစစ်ဆေး ထားခြင်းသည် အရေးပါသောမှားယွင်းဖော်ပြမှုတစ်ခုရှိနေခြင်းကို တွေ့ရှိနိုင်သည်ဟု အာမခံပေးခြင်းမျိုးမဟုတ်ပါ။ အရေးပါသောမှားယွင်းဖော်ပြမှုများသည် မသမာမှု သို့မဟုတ် မှားယွင်းမှုကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်ပြီး ၎င်းတို့ တစ်ခုချင်းသို့မဟုတ် စုပေါင်း၍ ဘဏ္ဍာရေးရှင်းတမ်းများကိုအခြေခံသော စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရမည့် အသုံးပြုသူများကို ကျိုးကြောင်းဆီလျော်စွာလွှမ်းမိုးမှုများ ရှိလာနိုင်သည်ဆိုပါက အဆိုပါမသမာမှု သို့မဟုတ် မှားယွင်းမှု များကိုအရေးပါသောမှားယွင်းဖော်ပြမှုဟုယူဆပါသည်။

စာရင်းစစ်ဆေးရာတွင် မြန်မာနိုင်ငံစာရင်းစစ်ဆိုင်ရာစံများနှင့်အညီ ပညာရပ်ဆိုင်ရာကျွမ်းကျင်သူအကဲဖြတ်ချက်ကျင့်သုံးပြီး ပညာရပ်ဆိုင်ရာကျွမ်းကျင်သူ သတိသမ္မဇဉ် (Professional judgment and professional skepticism) ဖြင့် ထိန်းသိမ်းဆောင်ရွက်ပါသည်။

ကျွန်တော်တို့သည် အုပ်ချုပ်မှုတာဝန်ရှိသူများနှင့်စာရင်းစစ်ဆေးရန် စီစဉ်ထားသောအတိုင်းအတာ၊ စစ်ဆေးမည့်အချိန်နှင့်စစ်ဆေးချိန်အတွင်း တွေ့ရှိရသည့် လုပ်ငန်းတွင်းကြီးကြပ်မှုတွင် အရေးကြီးသည့်အားနည်းမှုများ အပါအဝင် အရေးကြီးသည့်တွေ့ရှိချက်များစသည့် ကိစ္စရပ်များအတွက် ဆက်သွယ်ဆောင်ရွက်ပါသည်။

ကျွန်တော်တို့သည် အမှီအခိုကင်းမဲ့မှုနှင့် ပတ်သက်၍သက်ဆိုင်ရာ ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များကို လိုက်နာဆောင်ရွက်ကြောင်း၊ အမှီအခိုကင်းမဲ့မှုကို ထိခိုက်နိုင်သည်ဟု ကျိုးကြောင်းဆီလျော်စွာ ထင်မြင်ရသည့် သက်ဆိုင်သော ဆက်နွယ်မှုများအားလုံးနှင့် အခြားကိစ္စရပ်များ (သက်ဆိုင်မှုရှိပါက မည်သို့ဆောင်ရွက်ထားကြောင်း) ကိုအုပ်ချုပ်မှု တာဝန်မှ တာဝန်ရှိသူများသို့ဆက်သွယ် တင်ပြပါသည်။

**အခြားသောဥပဒေဆိုင်ရာနှင့် စည်းမျဉ်းစည်းကမ်းလိုအပ်ချက်ပေါ်တွင် အစီရင်ခံခြင်း**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၅၈ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျွန်တော်တို့သည်-

> လိုအပ်သော သတင်းအချက်အလက်များနှင့် ရှင်းလင်းချက်များအားလုံးကို ရရှိပြီးဖြစ်ကြောင်း၊
> ဘဏ်သည်မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေနှင့်အညီစာရင်းစာအုပ်များကို ထိန်းသိမ်းထားရှိကြောင်း အစီရင်ခံပါသည်။

ထို့အပြင်မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ၈၉(က)အရယင်းဘဏ္ဍာရေးရှင်းတမ်းများသည့်ဘဏ်၏ဘဏ္ဍာရေးအခြေအနေနှင့် ငွေရေးကြေးရေးခိုင်မာမှုကိုလုံလောက်လျော်ကန်စွာဖော်ပြကြောင်းအစီရင်ခံပါသည်။

U Sein win
Certified Public Accountant
C.P.A Registration. No. 495

၂၀၁၈ ခုနှစ် ၊ ဒီဇင်ဘာလ ၂၄ ရက်

ပထမ ပုဂ္ဂလိက ဘဏ် လီမိတက်
FIRST PRIVATE BANK LIMITED
No. 619~ 621, MERCHANT STREET, (Corner of Merchant Street & Bo Soon Pat Street)
PABEDAN TOWNSHIP. YANGON. UNION OF MYANMAR.
TELEPHONE : 095 1 376 451 ~ 452 / 378 268 ~ 269. 095 1 251 748 ~ 749 / 246 786.
FAX : 095 -1- 242 320 / 250 148 / 251 747.
Website : www.firstprivatebank.com.mm
e-mail : fpbho.ygn@gmail.com; hofirst.private@gmail.com
fpbbank@myanmar.com.mm

ပထမပုဂ္ဂလိကဘဏ်လီမိတက်

(Incorporated in the Republic of the Union of Myanmar)

# ဒါရိုက်တာအဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားများ

ဒါရိုက်တာအဖွဲ့ဝင်များသည် ချမှတ်ထားသောဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ နစ်ပတ်လည် အစီ ရင်ခံစာ နှင့်ဘဏ္ဍာရေးရှင်းတမ်းများကို ပြုစုတင်ပြရန် တာဝန်ရှိပါသည်။

မြန်မာနိုင်ငံကုမ္ပဏီများဆိုင်ရာဥပဒေပါပြဋ္ဌာန်းချက်များ၊ မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များနှင့်အညီ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများကို ပြုစုရေးဆွဲရန်တာဝန်ရှိပါသည်။ ထိုသို့ပြုစုရေးဆွဲရာတွင် မြန်မာနိုင်ငံစာရင်းကောင်စီမှ ထုတ်ပြန်ထားသော မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများအတိုင်း လိုက်နာကျင့်သုံးရပါမည်။

ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းကို ပြုစုရေးဆွဲရာတွင် ဒါရိုက်တာအဖွဲ့ဝင်များသည် သင့်လျော်သော စာရင်းဆိုင်ရာ မူဝါဒများအား ရွေးချယ်၍ တသမတ်တည်းကျင့်သုံးရန် ကျိုးကြောင်းသင့်လျော်မှုရှိပြီး ချင့်ချိန်ရာ ရောက်သောအကဲဖြတ်မှုနှင့် ခန့်မှန်းခြင်းများပြုလုပ်ရန်၊ မြန်မာနိုင်ငံစာရင်းကောင်စီမှ ထုတ်ပြန်ထားချက်အရ မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများအတိုင်း လိုက်နာပြီး ဘဏ္ဍာရေးရှင်းတမ်းများကို ဖော်ပြပေးရန်၊ မည်သည့် အရေးပါသောကွဲလွဲဖော်ပြမှုများနှင့် ပတ်သက်၍ ရှင်းလင်းချက်တို့ကို ဘဏ္ဍာရေးရှင်းတမ်းတွင် ဖော်ပြပေးရန်၊ ဘဏ်အနေနှင့် ရှေ့ဆက်လည်ပတ်မည်ဆိုသည့် ယူဆချက် အရ ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများကိုရှေ့ဆက် လုပ်ကိုင်မည့်အခြေခံမူဖြင့် ပြုစုရေးဆွဲရန်လို အပ်ပါသည်။

ဘဏ်၏လုပ်ငန်းလုပ်ဆောင်မှုများကို လုံလောက်စွာနှင့်ရှင်းလင်းဖော်ပြထားပြီး မည်သည့်အချိန်တွင်မဆို ဘဏ် ၏ဘဏ္ဍာရေးအခြေအနေကိုသင့်လျော်မှန်ကန်စွာတင်ပြထားသော မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် သင့်လျော် သောစာရင်းမှတ်တမ်းများကိုထိန်းသိမ်းထားရှိရန် ဒါရိုက်တာများတွင်တာဝန်ရှိပါသည်။ ထို့အပြင် ဒါရိုက်တာ များသည် ဘဏ်၏ပိုင်ဆိုင်ခွင့်များနှင့် ရပိုင်ခွင့်များကိုလုံခြုံမှုရှိစေရန် တာဝန်ရှိသည့်အလျောက် မသမာမှု သို့မဟုတ် ပုံမှန်မဟုတ်သော မှားယွင်းမှုများကို ကာကွယ်ပေးရန်နှင့် ရှာဖွေဖော် ထုတ်နိုင်ရန်အတွက် လုံလောက်သော ဆောင်ရွက်ချက်များကို ပြုလုပ်ထားရပါမည်။

လက်ရှိဖြစ်သော ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးချင်းစီသည် အောက်ပါတို့ကိုသိရှိနားလည် လက်ခံကြပါသည်။

- မြန်မာနိုင်ငံစာရင်းကောင်စီမှ ထုတ်ပြန်ထားချက်အရ မြန်မာနိုင်ငံဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံနှင့် အညီရေးဆွဲထားသောဘဏ္ဍာရေးရှင်းတမ်းသည် ဘဏ်၏ရပိုင်ခွင့်များ၊ ပေးရန်တာဝန်များ၊ ဘဏ္ဍာရေး အခြေအနေနှင့် အမြတ် စသည်တို့အားမှန်ကန် မှန်ခွင့်သင့် တင့်စွာ ဖော်ပြထားကြောင်း၊

- ပူးတွဲပါ ဘဏ္ဍာရေးရှင်းတမ်းများသည်ပြည့်စုံမှန်ကန်မှုရှိပြီး မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေနှင့် အညီ အတည်ပြုထားပြီးဖြစ်ကြောင်း၊

**စာရင်းစစ်သို့ သတင်းအချက်အလက်ဖော်ပြချက်များ**

နှစ်ပတ်လည်အစီရင်ခံစာ တင်ပြသည့်နေ့တွင် လက်ရှိဒါရိုက်တာတစ်ဦးချင်းစီသည် အောက်ပါအချက် များ ကိုအတည်ပြုကြပါသည်။

- ယခုအချိန်ထိမိမိတို့သတိပြုမိပြီးစာရင်းစစ်များသတိမပြုမိသောစာရင်းစစ်ခြင်းနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များမရှိပါကြောင်းနှင့်
- ဘဏ်၏ဒါရိုက်တာ တစ်ဦးချင်းအနေဖြင့် စာရင်းစစ်ဆေးခြင်းနှင့် သက်ဆိုင်သော မည် သည့် သတင်း အချက်အလက်များ ကိုမဆိုကိုယ်တိုင် သတိပြုမိစေရန်နှင့် ဘဏ်၏စာရင်းစစ်များ သို့လည်း ထိုသတင်း အချက်အလက်များကို သိရှိစေရန် လုပ်ဆောင်ပြီးကြောင်း၊

ဤအတည်ပြုချက်သည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ ဖြစ်ကြောင်းဖော်ပြပါသည်။

**ဆက်လက်လုပ်ကိုင်မည့်အခြေအနေ**

ဘဏ်သည် ကြိုတင်သိမြင်နိုင်သောကာလအထိ လုပ်ငန်းဆက်လက်ရပ်တည်နိုင်ရန် လုံလောက်သော အရင်းအမြစ်များရှိနေကြောင်း၊ ဘဏ်၏ ဒါရိုက်တာများအနေဖြင့် ကျိုးကြောင်းဆီလျော်စွာ မျှော်လင့်ထားကြောင်းနှင့် ဤအကြောင်းများကြောင့် ဘဏ်၏ ဘဏ္ဍာရေးရှင်းတမ်းများကိုလုပ်ငန်းဆက်လက် လုပ်ကိုင်မည့် အခြေအနေ ဖြင့် လိုက်နာရေးဆွဲထားပါသည်။

**နှစ်ပတ်လည်အစီရင်ခံစာ**

၃၀.၉.၂၀၁၈ ကုန်ဆုံးသောဘဏ္ဍာရေးနှစ်၏ နှစ်ပတ်လည်အစီရင်ခံစာတွင် ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဒါရိုက်တာအဖွဲ့ဝင်များကိုယ်စား အတည်ပြုလက်မှတ်ရေးထိုးထားသောဘဏ္ဍာရေးရှင်းတမ်းများနှင့် ရင်းနှီးမြှုပ်နှံ သူများအတွက် အခြားသောသတင်းအချက်အလက်များသည် ဒါရိုက်တာအဖွဲ့မှ အတည်ပြု လက်မှတ်ရေးထိုး ခွင့်ပြုထားပြီးဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့ဝင်များကိုယ်စား

| | |
|---|---|
| ဒါရိုက်တာ | ဒါရိုက်တာ |

ရန်ကုန်မြို့

၂၀၁၈ ခုနှစ် ၊ ဒီဇင်ဘာလ (၂၄)

ပထမပုဂ္ဂလိကဘဏ်လီမိတက်

(Incorporated in the Republic of the Union of Myanmar)

၂၀၁၈ ခုနှစ်၊စက်တင်ဘာလ (၃၀) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြ ရှင်းတမ်း

| | မှတ်စု | ၂၀၁၈<br>ကျပ် | ၂၀၁၇<br>ကျပ် |
|---|---|---|---|
| **ပစ္စည်းနှင့်ရပိုင်ခွင့်များ** | | | |
| ငွေသားဘဏ်လက်ကျန်နှင့်အခြားဘဏ်များရှိငွေလက်ကျန် | ၄ | ၃၉,၄၄၉,၂၈၂,၇၇၆ | ၄၀,၀၃၉,၇၇၇,၂၂၀ |
| ချေးငွေနှင့်စာရင်းပိုထုတ်ချေးငွေ | ၅ | ၁၈၀,၄၂၁,၂၅၁,၉၆၂ | ၁၅၈,၄၆၃,၆၁၆,၀၉၃ |
| ကြိုတင်ပေးနှင့် အခြားရရန်ရှိများ | ၇ | ၄,၇၅၅,၃၀၂,၂၀၈ | ၈,၂၇၁,၃၇၄,၃၂၇ |
| ကုန်ပစ္စည်းလက်ကျန် | | ၃၁,၆၀၀,၇၉၁ | ၃၄,၅၁၁,၁၇၇ |
| ရင်းနှီးမြှုပ်နှံမှုများ | ၆ | ၃၁,၇၀၂,၃၀၀,၀၀၀ | ၂၃,၂၀၂,၃၀၀,၀၀၀ |
| ပုံသေပိုင်ပစ္စည်းများ | ၈ | ၁၀,၇၅၉,၃၂၈,၁၇၁ | ၆,၈၈၄,၁၁၅,၂၂၈ |
| ကြိုတင်ပေးဝင်ငွေခွန် | | ၂,၁၈၀,၂၁၇,၃၈၅ | ၄၅၀,၀၀၀,၀၀၀ |
| အာမခံခြင်း/လက်မှတ်ရေးထိုးခြင်းနှင့်လက်ခံခြင်းများ | | ၃၇၈,၇၄၂,၄၀၀ | ၈၁၂,၆၉၉,၄၅၆ |
| **စုစုပေါင်းပစ္စည်းနှင့်ရပိုင်ခွင့်များ** | | ၂၆၉,၆၇၈,၀၂၅,၆၉၃ | ၂၃၈,၁၅၈,၃၉၃,၅၀၁ |
| **ခွင့်ပြုမတည်ရင်းနှီးငွေ** | | ၁၀၀,၀၀၀,၀၀၀,၀၀၀ | ၁၀၀,၀၀၀,၀၀၀,၀၀၀ |
| **ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေ** | ၉ | ၂၄,၇၂၀,၅၃၀,၀၀၀ | ၂၄,၇၂၀,၅၃၀,၀၀၀ |
| ရှယ်ယာပရီမီယံ | | ၁၁,၈၄၅,၈၇၈,၅၉၇ | ၁၁,၈၄၆,၀၁၁,၅၉၇ |
| **ရင်းနှီးငွေ နှင့် ရန်ပုံငွေများ** | | | |
| ဥပဒေပြဋ္ဌာန်းအထွေထွေသီးသန့်ငွေ | ၁၀ | ၁၄,၁၄၆,၂၈၃,၆၄၉ | ၁၂,၇၄၄,၈၈၉,၆၇၈ |
| ချေးငွေလက်ကျန်၏၂% အထွေထွေလျာထားမှု | ၁၀ | ၃,၆၀၈,၄၂၅,၀၃၉ | ၃,၁၆၉,၂၇၂,၃၂၂ |
| အရေးပေါ်ကိစ္စများအတွက်သီးသန့်ရန်ပုံငွေ | ၁၀ | ၁၀၁,၆၉၇,၉၉၀ | ၂၂၃,၂၆၁,၁၈၀ |
| အခြားရန်ပုံငွေများ | ၁၀ | ၈,၁၁၇,၄၈၅ | ၃၈၈,၁၁၇,၄၈၅ |
| အရှုံးအမြတ်မခွဲဝေလက်ကျန် | | ၁,၈၈၁,၇၄၄,၆၁၄ | ၂,၇၀၁,၅၃၆,၇၄၄ |
| **စုစုပေါင်းရင်းနှီးငွေနှင့်ရန်ပုံငွေများ** | | ၅၆,၃၁၂,၆၇၇,၃၇၄ | ၅၅,၇၉၃,၆၁၉,၀၀၆ |
| **ပေးရန်တာဝန်များ** | | | |
| အပ်ငွေများ | ၁၁ | ၂၀၄,၁၂၂,၉၇၂,၈၃၀ | ၁၇၇,၆၉၁,၈၃၅,၉၇၄ |
| အခြားပေးရန်တာဝန်များ | ၁၂ | ၆,၅၉၆,၀၀၅,၆၃၀ | ၃,၀၁၄,၂၇၀,၈၁၉ |
| ငွေပေးအမိန့်လွှာများ | | ၆၇,၇၇၇,၄၁၇ | ၄၇,၅၁၂,၁၇၆ |
| ဝင်ငွေခွန်လျာထားချက် | | ၂,၁၉၉,၈၅၀,၀၄၂ | ၇၉၈,၄၅၆,၀၇၀ |
| အာမခံခြင်း/လက်မှတ်ရေးထိုးခြင်းနှင့်လက်ခံခြင်းများ | | ၃၇၈,၇၄၂,၄၀၀ | ၈၁၂,၆၉၉,၄၅၆ |
| **စုစုပေါင်းပေးရန်တာဝန်များ** | | ၂၁၃,၃၆၅,၃၄၈,၃၁၉ | ၁၈၂,၃၆၄,၇၇၄,၄၉၅ |
| **စုစုပေါင်းရင်းနှီးငွေ၊ရန်ပုံငွေနှင့်ပေးရန်တာဝန်များ** | | ၂၆၉,၆၇၈,၀၂၅,၆၉၃ | ၂၃၈,၁၅၈,၃၉၃,၅၀၁ |

ဘဏ္ဍာရေးရှင်းတမ်းများအတွက်မှတ်စုကိုကြည့်ပါ။

ဒါရိုက်တာများ၏ အတည်ပြုချက်

အမှုဆောင်အရာရှိချုပ် | အထွေထွေမန်နေဂျာ

ဒါရိုက်တာ/ဥက္ကဋ္ဌ | ဒါရိုက်တာ | ဒါရိုက်တာ

ပထမပုဂ္ဂလိကဘဏ်လီမိတက်

(Incorporated in the Republic of the Union of Myanmar)

၂၀၁၈ ခုနှစ်၊စက်တင်ဘာလ (၃၀) ရက် ကုန်ဆုံးသောနှစ်အတွက် ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း

| | မှတ်စု | ၂၀၁၈<br>ကျပ် | ၂၀၁၇<br>ကျပ် |
|---|---|---|---|
| အတိုးရငွေ | ၁၃ | ၁၁,၃၃၆,၆၈၂,၂၅၉ | ၁၀,၄၉၂,၃၉၇,၈၈၉ |
| အတိုးစရိတ် | ၁၄ | (၇,၉၀၅,၆၁၂,၃၅၅) | (၆,၇၀၅,၈၁၆,၁၉၈) |
| အသားတင်အတိုးဝင်ငွေ/(အတိုးစရိတ်) | | ၃,၄၃၁,၀၆၉,၉၀၄ | ၃,၇၈၆,၅၈၁,၆၉၁ |
| အခြားဝင်ငွေ | ၁၅ | ၁,၅၃၀,၁၉၀,၃၁၀ | ၁,၅၅၆,၈၇၂,၉၁၅ |
| **စုစုပေါင်းလုပ်ဆောင်မှုဝင်ငွေ** | | ၄,၉၆၁,၂၆၀,၂၁၄ | ၅,၃၄၃,၄၅၄,၆၀၆ |
| | | | |
| လုပ်ဆောင်မှုစရိတ်များ | | | |
| ဝန်ထမ်းရေးရာစရိတ်များ | ၁၆ | (၉၉၅,၄၁၄,၂၈၂) | (၈၈၆,၈၁၉,၁၈၀) |
| စီမံခန့်ခွဲမှုစရိတ်များ | ၁၇ | (၆၈၄,၉၀၁,၈၄၀) | (၃၈၂,၁၆၃,၂၄၆) |
| တန်ဖိုးလျော့စရိတ်များ | | (၈၂,၇၈၀,၈၀၇) | (၈၂,၁၉၁,၈၃၀) |
| **စုစုပေါင်းစရိတ်များ** | | (၁,၇၆၃,၀၉၆,၉၂၉) | (၁,၃၅၁,၁၇၄,၂၅၆) |
| အခွန်မနှုတ်မီအမြတ် | | ၃,၁၉၈,၁၆၃,၂၈၅ | ၃,၉၉၂,၂၈၀,၃၅၀ |
| ပုံသေပိုင်ပစ္စည်းရောင်းချမှု(အရှုံး)/အမြတ် | | - | |
| (-) ဝင်ငွေခွန် | | (၆၃၉,၆၃၂,၆၅၇) | (၇၉၈,၄၅၆,၀၇၀) |
| **အခွန်နှုတ်ပြီး အသားတင်အမြတ်** | | ၂,၅၅၈,၅၃၀,၆၂၈ | ၃,၁၉၃,၈၂၄,၂၈၀ |
| အခြားဝင်ငွေအလုံးစုံ | | - | - |
| **စုစုပေါင်းဝင်ငွေအလုံးစုံ** | | ၂,၅၅၈,၅၃၀,၆၂၈ | ၃,၁၉၃,၈၂၄,၂၈၀ |

| | | |
|---|---|---|
| အစုရှယ်ယာတစ်ခုအတွက်အသားတင်အမြတ် | ၇၃၇ | ၉၆၅ |

ဘဏ္ဍာရေးရှင်းတမ်းများအတွက်မှတ်စုကိုကြည့်ပါ။

ဒါရိုက်တာများ၏အတည်ပြုချက်

| | |
|---|---|
| အမှုဆောင်အရာရှိချုပ် | အထွေထွေမန်နေဂျာ |

| | | |
|---|---|---|
| ဒါရိုက်တာ/ဥက္ကဋ္ဌ | ဒါရိုက်တာ | ဒါရိုက်တာ |

ပထမပုဂ္ဂလိကဘဏ်လီမိတက်

(Incorporated in the Republic of the Union of Myanmar)

၂၀၁၈ ခုနှစ် စက်တင်ဘာလ (၃၀) ရက် ကုန်ဆုံးသောနှစ်အတွက် အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း

| | ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေ | ရှယ်ယာပရီမီယံ | ဥပဒေပြဋ္ဌာန်းအထွေထွေသီးသန့်ငွေ | အထွေထွေလျာထားငွေ(ချေးငွေ) | အခြားရန်ပုံငွေ | အရေးပေါ်ကိစ္စများအတွက်သီးသန့်ရန်ပုံငွေ | အမြတ်ဝေစုလျာထားငွေ | အမြတ်မခွဲဝေလက်ကျန် | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| **၃၁.၃.၂၀၁၇နေ့ရှိလက်ကျန်များ** | ၂၄,၇,၂၀,၅၃၀,၀၀၀ | ၁၁,၈၄၆,၁၂၁,၅၉၇ | ၁၁,၉၄၆,၄၃၃,၆၀၈ | ၃,၁၅၈,၉၆၂,၂၅၄ | ၃၈၈,၁၁၇,၄၈၅ | ၂၅၁,၇၂၇,၀၄၂ | ၄,၅၅၉,၀၃၀,၄၁၉ | ၇၀၁,၅၅၄,၁၈၃ | ၅၇,၅၇၂,၄၇၆,၅၈၈ |
| **နှစ်အတွင်းပြောင်းလဲမှုများ** | | | | | | | | | |
| အစုရှယ်ယာများထုတ်ဝေရောင်းချခြင်း | | | | | | | | | - |
| ရှယ်ယာပရီမီယံကြေးရရှိငွေ | | (၁၁၀,၀၀၀) | | | | | | | (၁၁၀,၀၀၀) |
| သီးသန့်ငွေများလျာထားခြင်း | | | ၇၉၈,၄၅၆,၀၇၀ | ၁၀,၃၁၀,၀၆၈ | | | | (၈၀၈,၇၆၆,၁၃၈) | - |
| ပေးရန်ရှိအမြတ်ဝေစုစာရင်းသို့ပြောင်းရွှေ့ခြင်း | | | | | | (၂၈,၄၆၅,၈၆၂) | (၄,၅၅၉,၀၃၀,၄၁၉) | (၃,၈၅,၅,ရ,ဝ,ခ) | (၄,၉,ရ,ခ,ရ,ခ,ခ,ခ) |
| စာရင်းညှိနှိုင်းချက်များ | | | | | | | | | - |
| နှစ်အတွင်းအမြတ်လက်ကျန် | | | | | | | | ၃,၁၉၃,ခ၄,ခ,ခ | ၃,၁၉၃,ခ၄,ခ,ခ |
| **၃၀.၉.၂၀၁၇နေ့ရှိလက်ကျန်များ** | ၂၄,၇,၂၀,၅၃၀,၀၀၀ | ၁၁,ခ၄၆,ဝ၁၁,ခ၅ရ | ၁,ရ၄ခ,ခ၈ခ,ခ၇ခ | ၃,ခ၆ခ,၂ရ,ခ,၂၂ | ၃ခ၈,ခ၁ရ,ခ၈ခ | ၂၂ခ,ခ၆ခ,ခ၈ခ | - | ၂,ရ၀ခ,ခ၃ခ,ရ၄ခ | ခ၅,ခ,ခ,ခ,ခ,ခ |
| **ခ၁.ခ.၂၀၁ခနေ့ရှိလက်ကျန်များ** | ၂၄,ရ,၂၀,ခ၃ခ,ခ,ခ | ၁ခ,ခ,ခ,ခ,ခ,ခ | ခ,ခ,ခ,ခ,ခ,ခ | ခ,ခ,ခ,ခ,ခ,ခ | ခ,ခ,ခ,ခ,ခ,ခ | ခ,ခ,ခ,ခ,ခ,ခ | ခ,ခ,ခ,ခ,ခ,ခ | ခ,ခ,ခ,ခ,ခ,ခ | ခ,ခ,ခ,ခ,ခ,ခ |
| **နှစ်အတွင်းပြောင်းလဲမှုများ** | | | | | | | | | |
| အစုရှယ်ယာများထုတ်ဝေရောင်းချခြင်း | | | | | | | | | - |
| ရှယ်ယာပရီမီယံကြေးရရှိငွေ | | | | | | | | | - |
| သီးသန့်ငွေများလျာထားခြင်း | | | ၆ခ၉,၆ခ၂,၆၅ရ | ၉၆,ခ၈၆,၆ခ၇ | | | | (ရခ၆,ဝ၁၉,၂၉၄) | - |
| ပေးရန်ရှိအမြတ်ဝေစုစာရင်းသို့ပြောင်းရွှေ့ခြင်း | | | | | | | (ခ,ခ၂ရ,ခ,ခ,ခ) | (ခ၁၆,ခ,ခ,ခ,ခ,ခ) | (ခ,ခ,ခ,ခ,ခ,ခ) |
| စာရင်းညှိနှိုင်းချက်များ | | | | | | | | ခ၂,၆ဝရ,ခ,ခ | ခ၂,၆ဝရ,ခ,ခ |
| နှစ်အတွင်းအမြတ်လက်ကျန် | | | | | | | | ၂,၅၅ခ,ခ,ခ,ခ | ၂,၅၅ခ,ခ,ခ,ခ |
| **ခ၀.ခ.၂၀၁ခနေ့ရှိလက်ကျန်များ** | ၂၄,ရ,၂၀,ခ၃ခ,ခ,ခ | ၁ခ,ခ,ခ,ခ,ခ,ခ | ခ,ခ,ခ,ခ,ခ,ခ | ခ,ခ,ခ,ခ,ခ,ခ | ခ,ခ,ခ,ခ,ခ,ခ | ခ,ခ,ခ,ခ,ခ,ခ | ခ,ခ,ခ,ခ,ခ,ခ | ခ,ခ,ခ,ခ,ခ,ခ | ခ,ခ,ခ,ခ,ခ,ခ |

ဘဏ္ဍာရေးရှင်းတမ်းများအတွက်မှတ်စုကိုကြည့်ပါ။

ဒါရိုက်တာများ၏ အတည်ပြုချက်

| ဒါရိုက်တာ | ဒါရိုက်တာ | ဒါရိုက်တာ | အမှုဆောင်အရာရှိချုပ် | အထွေထွေမန်နေဂျာ |
|---|---|---|---|---|
| ဦးကွဋ | | | | |

ပထမပုဂ္ဂလိကဘဏ်လီမိတက်

(Incorporated in the Republic of the Union of Myanmar)

၂၀၁၈ ခုနှစ်၊စက်တင်ဘာလ (၃၀) ရက် ကုန်ဆုံးသောနှစ်အတွက် ငွေသားစီးဆင်းမှုရှင်းတမ်း

| | | ၂၀၁၈ | ၂၀၁၇ |
|---|---|---|---|
| (က) | လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ | ကျပ် (ထောင်ပေါင်း) | ကျပ် (ထောင်ပေါင်း) |
| | အတိုးရငွေနှင့်အခြားလုပ်ဆောင်မှုရငွေ | ၁၂,၀၁၃,၈၂၅ | ၁၁,၈၇၆,၆၉၈ |
| | အတိုးစရိတ်ပေးငွေ | (၇,၃၀၀,၁၂၈) | (၆,၃၉၆,၉၉၂) |
| | ဝန်ထမ်းရေးရာနှင့်စီမံအုပ်ချုပ်မှုစရိတ် | (၁,၆၇၉,၇၄၂) | (၁,၂၆၈,၉၈၃) |
| | | ၃,၀၃၃,၉၅၅ | ၄,၂၁၀,၇၂၃ |
| | လုပ်ငန်းဆောင်ရွက်မှုရပိုင်ခွင့်များပြောင်းလဲမှု | | |
| | ချေးငွေနှင့်စာရင်းပိုထုတ်ငွေလျော့သွားခြင်းနှင့်(တိုးလာခြင်း) | (၄,၈၁၉,၃၃၂) | (၅၁၅,၅၀၃) |
| | အခြားရပိုင်ခွင့်များလျော့သွားခြင်းနှင့်(တိုးလာခြင်း) | (၃၆,၄၈၄) | (၁,၁၁၉,၈၇၅) |
| | လုပ်ငန်းဆောင်ရွက်မှုပေးရန်တာဝန်များပြောင်းလဲမှုများ | | |
| | အပ်နှံငွေများ (လျော့သွားခြင်း) နှင့် တိုးလာခြင်း | ၁၈,၉၆၅,၁၉၁ | ၁၂,၀၂၉,၂၃၈ |
| | အခြားပေးရန်တာဝန်များ(လျော့သွားခြင်း)နှင့်တိုးလာခြင်း | ၁,၉၃၄,၆၁၁ | (၄၁,၅၁၁) |
| | ဝင်ငွေခွန်မနုတ်မီလုပ်ငန်းဆောင်ရွက်ချက်များအရ | | |
| | အသားတင်ငွေသားစီးဝင်မှု/(စီးထွက်မှု) | ၁၉,၀၇၇,၉၄၁ | ၁၄,၅၆၃,၀၇၂ |
| | ဝင်ငွေခွန်ပေးချေငွေ | (၆၃၀,၂၁၇) | (၄၅၈,၀၁၂) |
| | လုပ်ငန်းဆောင်ရွက်မှုများအရအသားတင်ငွေသားစီးဝင်မှု/(စီးထွက်မှု) | ၁၈,၄၄၇,၇၂၄ | ၁၄,၁၀၅,၀၆၀ |
| (ခ) | ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်မှုများအရငွေသားစီးဆင်းမှု | | |
| | အစိုးရငွေတိုက်စာချုပ်များဝယ်ယူမှု(-)/ရွှေးနှုတ်မှု(+) | ၂,၅၀၀,၀၀၀ | |
| | ဗဟိုဘဏ်(Deposit Auction)ထည့်ဝင်ခြင်း | (၁၁,၀၀၀,၀၀၀) | |
| | ပုံသေပိုင်ပစ္စည်းဝယ်ယူမှုများ | (၂၂၇,၈၁၃) | (၁,၄၂၈,၅၈၆) |
| | ပုံသေပိုင်ပစ္စည်းရောင်းရငွေ | - | - |
| | ရင်းနှီးမြှုပ်နှံမှုများမှအသားတင်ငွေသားစီးဝင်မှု/(စီးထွက်မှု) | (၈,၇၂၇,၈၁၃) | (၁,၄၂၈,၅၈၆) |
| (ဂ) | ဘဏ္ဍာရေးဆိုင်ရာဆောင်ရွက်ချက်များအရငွေသားစီးဆင်းမှုများ | | |
| | အမြတ်ဝေစုထုတ်ပေးငွေ | (၄,၉၀၈,၁၇၆) | (၄,၈၈၉,၉၃၆) |
| | ရှယ်ယာဆုကြေးထုတ်ပေးငွေ | - | (၁၁၀) |
| | ချေးငွေရယူခြင်း(+) နှင့် ပြန်ဆပ်ခြင်း(-) | (၁,၀၀၀,၀၀၀) | (၅,၀၀၀,၀၀၀) |
| | ဘဏ္ဍာရေးဆိုင်ရာဆောင်ရွက်ချက်များအရ အသားတင်ငွေသားစီးဝင်မှု / (စီးထွက်မှု) | (၅,၉၀၈,၁၇၆) | (၉,၈၉၀,၀၄၆) |
| | အသားတင်ငွေသားစီးဝင်မှု / (စီးထွက်မှု) | ၃,၈၁၁,၇၃၅ | ၂,၇၈၆,၄၂၈ |
| | ငွေသား၊ဘဏ်လက်ကျန်နှင့် အခြားဘဏ်များရှိငွေလက်ကျန် | | |
| | နှစ်စရှိငွေနှင့်ဘဏ်လက်ကျန် (ဧပြီလ - ၁ရက်) | ၃၅,၆၃၇,၅၄၈ | ၃၇,၂၅၃,၃၄၉ |
| | နှစ်ဆုံးရှိငွေနှင့်ဘဏ်လက်ကျန်(စက်တင်ဘာလ - ၃၀ရက်) | ၃၉,၄၄၉,၂၈၃ | ၄၀,၀၃၉,၇၇၇ |

ဘဏ္ဍာရေးရှင်းတမ်းများအတွက် မှတ်စုကိုကြည့်ပါ။

ဒါရိုက်တာများ၏ အတည်ပြုချက်

အမှုဆောင်အရာရှိချုပ်

အထွေထွေမန်နေဂျာ

ဒါရိုက်တာ/ဥက္ကဋ္ဌ

ဒါရိုက်တာ

ဒါရိုက်တာ

## ၁။ အထွေထွေ

ပထမပုဂ္ဂလိကဘဏ်လီမိတက်(ဘဏ်)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း တည်ရှိသော အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်တစ်ခုဖြစ်ပြီး မှတ်ပုံတင်ထားသောလိပ်စာမှာ အမှတ်(၆၁၉/၆၂၁)၊ ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ ဖြစ်ပါသည်။ ပထမပုဂ္ဂလိကဘဏ်လီမိတက်(ဘဏ်)ကို ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ် ၂၂၃/၁၉၉၁-၁၉၉၂ဖြင့် ၁၉၉၁ခုနှစ်၊ စက်တင်ဘာလ(၉)ရက်နေ့တွင် အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်အဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဘဏ်အား ဘဏ်လုပ်ငန်းဆောင်ရွက်နိုင်ရန် လိုင်စင်အမှတ်-မဗဘ/ပီဘ/(၅)၁၉၉၂ကို ထုတ်ပေးခဲ့ပါသည်။ ဘဏ်၏ရည်ရွယ်ချက်များမှာ ပြည်တွင်းငွေလွှဲလုပ်ငန်းများနှင့် အခြားငွေကြေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ခွင့်ပြုချက် ဖြင့် ဆောင်ရွက်ခြင်း တို့ဖြစ်ပါသည်။ ဘဏ်သည် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ (၂၀) ရက်နေ့တွင် ရန်ကုန်စတော့အိပ်ချိန်းသို့ စာရင်းဝင်ကုမ္ပဏီတစ်ခုအဖြစ် (YSX Code 00004)အောင်မြင်စွာ စာရင်းဝင်ခဲ့ပါသည်။ ဘဏ်သည် ၂၀၁၇ခုနှစ်ဇွန်လ (၁)ရက်နေ့တွင် မြန်မာ့စာတိုက်လုပ်ငန်းနှင့်ပူးပေါင်းပြီး မိုဘိုင်းဘဏ်လုပ်ငန်း ပိုမိုကျယ်ပြန့်စေရန်အတွက် (my kyat) ဖြင့် ငွေရေးကြေးရေး ဝန်ဆောင်မှုများပြုလုပ်နိုင်ရန် သဘောတူစာချုပ်ချုပ်ဆိုခဲ့ပါသည်။

## ၂။ အရေးပါသောစာရင်းပိုင်းဆိုင်ရာပေါ်လစီအကျဉ်းချုပ်

### (က) စာရင်းပိုင်းဆိုင်ရာဘဏ္ဍာရေးနှစ်

စာရင်းပိုင်းဆိုင်ရာဘဏ္ဍာရေးနှစ်မှာ ၁.၄.၂၀၁၈ မှ ၃၀.၉.၂၀၁၈နေ့အထိ မြန်မာနိုင်ငံဝင်ငွေခွန်ဥပဒေတွင် ပြဋ္ဌာန်းထား သော အခြေခံဘဏ္ဍာရေးနှစ်နှင့်အညီရေးဆွဲထားပါသည်။

### (ခ) စာရင်းဖွင့်လက်ကျန်များ

၁.၄.၂၀၁၈ နေ့ရှိစာရင်းဖွင့်လက်ကျန်များမှာဘဏ္ဍာရေးနှစ် ၃၁.၃.၂၀၁၈နေ့ရှိ V ADVISORY အဖွဲ့လီမိတက် (လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ)မှ စစ်ဆေးထားသော စာရင်းပိတ်လက်ကျန်များအား ယူဆောင်လာခြင်းဖြစ်ပါသည်။

### (ဂ) စာရင်းပိုင်းဆိုင်ရာအခြေခံမူ

ပူးတွဲပါဘဏ္ဍာရေးရှင်းတမ်းများကို ပြီးခဲ့သောဖြစ်ရပ်များရှိတန်ဖိုးအပေါ်တွင်အခြေခံ၍ မြန်မာနိုင်ငံဘဏ္ဍာရေး အစီရင်ခံခြင်းစံများ (Myanmar Financial Reporting Standards) နှင့်အညီ ရေးဆွဲထားပါသည်။

### (ဃ) နိုင်ငံခြားငွေကြေးအားပြောင်းလဲသတ်မှတ်ခြင်း

(၁) လုပ်ငန်းလုပ်ဆောင်သည့်ငွေကြေးနှင့်စာရင်းတင်ဖော်ပြသည့်ငွေကြေး
(Functional & presentation currency)

ဘဏ်မှလုပ်ငန်းများဆောင်ရွက်ရာတွင် အဓိကကျသော စီးပွားရေးပတ်ဝန်းကျင်၏ ငွေကြေးဖြစ်သော မြန်မာကျပ်ငွေကို လုပ်ငန်းလုပ်ဆောင်သည့်ငွေကြေး (Function Currency) ဟု သတ်မှတ်ပါသည်။ ဘဏ္ဍာရေးရှင်းတမ်းများကို (Prensentation Currency) ဖြစ်သော မြန်မာကျပ်ငွေဖြင့် ဖော်ပြထားပါသည်။

(၂)လုပ်ငန်းဆောင်ရွက်ချက်နှင့်စာရင်းလက်ကျန်များ

နိုင်ငံခြားငွေဖြင့်ပြုလုပ်သောလုပ်ငန်းဆောင်ရွက်ချက်များကိုလုပ်ဆောင်ချက်ဖြစ်ပေါ်သည့်နေ့တွင်ရှိသောငွေလဲနှုန်းဖြင့်လုပ်ငန်းဆောင်ရွက်သည့်ငွေကြေးအဖြစ်သို့ပြောင်းလဲထားပါသည်။နိုင်ငံခြားငွေဖြင့်ဖော်ပြသောငွေကြေးနှင့်ဆိုင်သည့်ပိုင်ဆိုင်ပစ္စည်းနှင့်ပေးရန်တာဝန်များကိုဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်ရှိငွေလဲနှုန်းဖြင့်ပြောင်းလဲချက်နှင့်ဂင်းနိုင်ငံခြားငွေကြေးများကိုစာရင်းရှင်းလင်းရာမှဖြစ်ပေါ်လာသောနိုင်ငံခြားငွေအမြတ်/(အရှုံး)များကိုဝင်ငွေရှင်းတမ်းတွင်စာရင်းရေးသွင်း
ထားပါသည်။

(c)အတိုးဝင်ငွေနှင့်ကုန်ကျစရိတ်များ

အတိုးဝင်ငွေနှင့် စရိတ်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှသတ်မှတ်သည့်အတိုးနှုန်း(effective interest method) ကိုအသုံးပြု၍အရစ်ကျတန်ဖိုးဖြင့်တိုင်းတာပြီးဝင်ငွေရှင်းတမ်းတွင်ရေးသွင်းထားပါသည်။

(စ)ဆောင်ရွက်မှုဝင်ငွေနှင့်ကော်မရှင်ခ

ဆောင်ရွက်မှုမှဝင်ငွေနှင့်ကော်မရှင်ခများကိုဆောင်ရွက်ပေးခဲ့သောလုပ်ငန်းများအပေါ်အခြေပြု၍စာရင်းတင်သော အခြေခံမူ(accrual basis)အဖြစ်စာရင်းသွင်းထားပါသည်။

(ဆ)ပုံသေပိုင်ပစ္စည်း

ပုံသေပိုင်ပစ္စည်းများကိုမူရင်းတန်ဖိုးမှစုစုပေါင်းတန်ဖိုးလျော့ကိုနှတ်၍ဖော်ပြထားပါသည်။တန်ဖိုးလျော့ကို ပုံသေပိုင်ပစ္စည်း များ၏ ခန့်မှန်းအသုံးဝင်မှု သက်တမ်းအပေါ်တွင် မူတည်၍ မျဉ်းဖြောင့်နည်းဖြင့် တွက်ချက်ထားပါသည်။ တန်ဖိုးလျော့နှုန်း အသေးစိတ် ကိုအောက်တွင်ဖော်ပြထားပါသည်။

| | |
|---|---|
| အဆောက်အဦများ | ၁.၂၅% |
| သယ်ယူပို့ဆောင်ရေးယာဉ်များ | ၁၂.၅ % |
| ရုံးသုံးစက်နှင့်စက်ပစ္စည်းများ | ၆.၂၅-၁၀ % |
| ရုံးသုံးပရိဘောဂများ | ၅-၆.၂၅% |
| ကွန်ပျူတာ | ၂၀ % |

အနာဂတ်တွင်ထိုပုံသေပိုင်ပစ္စည်း၏စီးပွားရေးအကျိုးအမြတ်သည်ဘဏ်သို့စီးဆင်းမည့်အခြေအနေတွင်ရှိပြီးဂင်း၏တန်ဖိုးကိုယုံကြည်စိတ်ချစွာ တိုင်းတာနိုင်သည့် အခြေအနေရှိမှသာလျှင် နောက်ဆက်တွဲ ကုန်ကျစရိတ်များကို ပုံသေပိုင်ပစ္စည်း၏ဆက်လက်သယ်ဆောင်သည့်တန်ဖိုး(သို့မဟုတ်)သီးခြားပိုင်ဆိုင်ပစ္စည်းအဖြစ် လျော်ကန်သင့်မြတ်စွာ စာရင်းရေးသွင်းထားပါသည်။အခြားပြင်ဆင်ထိန်းသိမ်းစရိတ်အားလုံးကိုကျခံသုံးစွဲသည့်ကာလအတွင်းဝင်ငွေရှင်းတမ်းသို့မဟုတ်အသုံးစရိတ်အဖြစ်စာရင်းရေးသွင်းပါသည်။ပုံသေပိုင်ပစ္စည်းများကို တန်ဖိုးလျော့ ကျဆင်း မှုရှိ-မရှိ အခါအားလျော်စွာလေ့လာဆန်းစစ်ပါသည်။ဆက်လက်သယ်ဆောင်သော တန်ဖိုးသည် အမှန် တကယ်ပြန်လည်ရရှိနိုင်မည့်တန်ဖိုးထက်များနေပါက အမှန်တကယ်ပြန်လည်ရရှိနိုင်မည့်တန်ဖိုး ထိရောက်အောင် တန်ဖိုးကိုချက်ချင်းလျော့ချပါသည်။ပုံသေပိုင်ပစ္စည်းရောင်းချရာမှ ပေါ်ပေါက်လာသောအရှုံး၊အမြတ်ကို ၎င်းတို့၏ဆက်လက်သယ်ဆောင်သည့်တန်ဖိုးအား ရည်ညွှန်း၍ သတ်မှတ်ထားပြီး လုပ်ငန်း လုပ်ဆောင်မှုအမြတ် သတ်မှတ်ရာတွင် ထည့်သွင်းစဉ်းစားပါသည်။ပြုပြင်ခြင်းနှင့်အသစ်လဲလှယ်ခြင်းများကို အသုံးစရိတ်ကျခံသည့်အချိန်တွင် ဝင်ငွေစာရင်းတွင် ရေးသွင်းထားပါသည်။

(၆) ငွေနှင့်ငွေသားညီမျှခြင်းများ

ငွေနှင့်ငွေသားညီမျှခြင်းများတွင်လက်ဝယ်ရှိငွေသားလက်ကျန်၊ဗဟိုဘဏ်ရှိငွေလက်ကျန်နှင့်အခြားဘဏ်များရှိ ငွေလက်ကျန်များ ပါဝင်ပါသည်။

(၈) လျာထားခြင်း

ပေးရန်တာဝန်စာရင်းရှင်းရန်အတွက်အရင်းအနှီးများစီးထွက်ရန်အလားအလာနှင့်ဝင်း၏တန်ဖိုးကို ယုံကြည် စိတ်ချစွာ တိုင်းတာနိုင်သည့် အခြေအနေရှိပြီးပြီးခဲ့သောကိစ္စရပ်များကြောင့် လက်ရှိဥပဒေအရ (သို့မဟုတ်) ဘဏ်၏ လုပ်ဆောင်ချက်အရဖြစ်ပေါ်လာသောပေးရန်တာဝန်များရှိလာသောအခါ လျာထားငွေများကိုစာရင်းသွင်းပါသည်။

(၁၀) ဝင်ငွေခွန်

လုပ်ငန်းလုပ်ဆောင်မှု မြတ်စွန်းငွေအပေါ် ပေးရန်ရှိသော ဝင်ငွေခွန်ကို ပြဋ္ဌာန်းထားသော ဥပဒေအရ အမြတ်ငွေ ပေါ်ပေါက်သောကာလတွင်အသုံးစရိတ်အဖြစ်စာရင်းသွင်းပါသည်။ ပထမပုဂ္ဂလိကဘဏ်လီမိတက်သည် ရန်ကုန် စတော့အိပ်ချိန်းစာရင်းဝင်ကုမ္ပဏီတစ်ခုဖြစ်သောကြောင့် ဘဏ္ဍာရေးနှင့်စီမံကိန်းဝန်ကြီးဌာနမှ ထုတ်ပြန်သော အမိန့်ကြော်ငြာ စာအမှတ်(၇၆/၂၀၁၇)အရအခွန်ပေးဆောင်ရာတွင် ကုမ္ပဏီအမြတ်၏ ၂၀% ဖြင့်သာပေးဆောင်ရန် အခွန်ခံစားခွင့်ရရှိထားပါသည်။

(၈)ငွေရေးကြေးရေးဆိုင်ရာရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ

ဘဏ်အနေဖြင့်ငွေရေးကြေးရေးဆိုင်ရာရပိုင်ခွင့်များနှင့်ပေးရန်တာဝန်များကိုစာရင်း ရေးသွင်းရာတွင်ဝယ်ယူရောင်းချ သည့်နေ့ တွင်စတင်စာရင်းရေးသွင်းပါသည်။ဥပမာ - အရောင်းအဝယ်ဖြစ်ထွန်းသောနေ့၊ ဘဏ်အနေဖြင့်ဝယ်ယူ ရောင်းချရန်အတွက်ကတိပြုထားသည့်နေ့။ဘဏ်သည်ငွေရေးကြေးရေးဆိုင်ရာရပိုင်ခွင့်များအားဘဏ်အနေဖြင့်စွန့် စားရမှုနှင့်ပြန်ရချက်(risk and reward)အားလက်ခံရယူသည့်အချိန်မှစ၍ဘဏ္ဍာရေးရှင်းတမ်းတွင်စာရင်းရေးသွင်း ပြီးရပိုင်ခွင့်များကိုဘဏ်အနေဖြင့်မရရှိနိုင်သောအခြေအနေ၊ငွေသားစီးဆင်းမှုမရှိနိုင်သောအခြေအနေများတွင်ဝင်ငွေကို ဘဏ္ဍာရေးရှင်းတမ်းများမှစာရင်းဖယ်ထုတ်ပါသည်။ထိုနည်းတူဝင်း၏ငွေရေးကြေးရေးဆိုင်ရာပေးရန်တာဝန်များကို လည်းပေးရန်တာဝန်ကုန်ဆုံးသည့်အခြေအနေတွင်စာရင်းဖယ်ထုတ်ပါသည်။

**တိုင်းတာချက်များ**

ငွေရေးကြေးရေးဆိုင်ရာရပိုင်ခွင့်များနှင့်ပေးရန်တာဝန်များအားကနဦးတိုင်းတာရာတွင်ဈေးကွက်တွင်ဖြစ်ပေါ်နေသော သင့်တင့်လျောက်ပတ်သည့်တန်ဖိုးဖြင့်တိုင်းတာပါသည်။နောက်ဆက်တွဲတိုင်းတာချက်များမှာအောက်ဖော်ပြပါငွေ ရေးကြေးရေးဆိုင်ရာတိုင်းတာချက်အမျိုးအစားများအပေါ်အခြေခံ၍တိုင်းတာပါသည်။အချို့မှာမူရင်းတန်ဖိုးအား တန်ဖိုးလျော့၍လည်းကောင်း၊အချို့မှာဈေးကွက်အတွင်းရှိသင့်တင့်လျောက်ပတ်သောဈေးအားတွက်ချက်၍လည်း ကောင်းဖော်ပြပါသည်။

**အမျိုးအစားများ**

**(က) ချေးငွေနှင့်ရရန်ရှိများ**

ချေးငွေနှင့်ရရန်ရှိများမှာ non-derivative ငွေရေးကြေးရေးဆိုင်ရာရပိုင်ခွင့်များဖြစ်ပြီး ဈေးကွက်တွင် ဖော်ပြခြင်း မရှိဘဲ သဘောတူညီချက်တစ်ခုဖြင့် သတ်မှတ်ထားသောငွေပေးချေမှုများ ဖြစ်ပါသည်။

**(ခ) သက်တမ်းစေ့ကိုင်ဆောင်ထားသောငွေရေးကြေးရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုများ**

သက်တမ်းစေ့ကိုင်ဆောင်ထားသောငွေရေးကြေးရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုများမှာnon-derivative ငွေရေးကြေးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများဖြစ်ပြီးသတ်မှတ်ထားသောငွေပေးချေမှုများဖြင့်တိုင်းတာ၍ဘဏ်၏စီမံအုပ်ချုပ်မှုအဖွဲ့မှသက်တမ်းစေ့ကိုင်ဆောင်ရန်ရည်ရွယ်ပြီးကိုင်ဆောင်ထားသောရင်းနှီးမြှုပ်နှံမှုများ ဖြစ်ပါသည်။

**(ဂ) ရောင်းရန်ကိုင်ဆောင်ထားသောငွေရေးကြေးရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုများ**

ရောင်းရန်ကိုင်ဆောင်ထားသောငွေရေးကြေးရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုများမှာ၄င်းအမျိုးအစားတွင်ပါဝင်သောသို့မဟုတ် အခြားဖော်ပြပါအမျိုးအစားများတွင်မပါဝင်သောရင်းနှီးမြှုပ်နှံမှုကြောင့် ဖြစ်ပေါ်လာသည့်အရှုံးအမြတ် အားသက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်၏အရှုံးအမြတ်စာရင်းတွင်ထုတ်ခွဲရောင်းချခြင်းအနေဖြင့်စာရင်းရေးသွင်းခြင်း ဖြစ်ပါသည်။

## ၃။ Financial Risk Management

ဘဏ်၏ FinancialRiskများကိုစီမံခန့်ခွဲနေစဉ်အတွင်းဘဏ်၏ လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု အတွက် လုံလောက်သော ငွေကြေးဆိုင်ရာ အရင်းအမြစ်များရရှိနိုင်မှုကိုသေချာစေရန် ဘဏ်၏ FinancialRiskစီမံခန့်ခွဲသည့်မူဂါဒ အရကြိုးပမ်းသည်။ ဘဏ်မှရင်ဆိုင်နေရသောအဓိကFinancialriskareaနှင့် ငွေကြေးဆိုင်ရာလုပ်ဆောင်ချက်များနှင့်သက်ဆိုင်သော မူဂါဒမှာ အောက်ပါအတိုင်းဖြစ်သည်။

### (က) Foreign exchange risk

နိုင်ငံခြားငွေဖြင့်သတ်မှတ်ဖော်ပြထားသည့်ရင်းနှီးမြှုပ်နှံမှုများသို့မဟုတ်ပေးရန်တာဝန်များနှင့်ပတ်သက်၍ထူးခြားအရေးပါသောလုပ်ဆောင်ချက်များဘဏ်တွင်မရှိပါ။ ထို့ကြောင့်နိုင်ငံခြားငွေကြေးနှင့်သက်ဆိုင်သည့် ဘေးအန္တရာယ် များ ဘဏ်တွင် ထိတွေ့မှုမရှိပါ။

ဘဏ်အနေဖြင့် Transaction ကြောင့် ဖြစ်ပေါ်သော Realized Gain / Loss ကိုသာမက Closing Amount တွင်ဖြစ်ပေါ်သော Exchange Gain / Loss (Unrealized Gain / Loss ) ကိုလည်း တွက်ချက်ခဲ့ပါသည်။

သို့သော် လက်ရှိဖြစ်ပေါ်နေသော အမေရိကန်ဒေါ်လာနှင့်မြန်မာကျပ်ငွေ လဲလှယ်နှုန်းများပြောင်းလဲမှုမှာလျင်မြန်ပြီး ဈေးနှုန်းကွာဟချက်မှာလည်းကြီးမားသည့်အတွက် Unrealised Gain ပေါ်တွင် ဆုံးရှုံးနိုင်သည့် ပမာဏကို ဗဟိုဘဏ်ရည်ညွှန်းလဲလှယ်နှုန်းအပေါ်တွင် အခြေခံ၍ ( Provision for Exchange Loss ) အဖြစ် USD-၁,၉၇၉,၁၃၉.၄၁ အတွက် မြန်မာကျပ် ၃၉၅,၈၂၇,၈၈၂အားလျှောထားခဲ့ပါသည်။ အမှန် Transaction ဖြစ်ပေါ်သည့် အချိန်တွင် သက်ဆိုင်ရာ လျှာထားချက်စာရင်းနှင့် ညှိနှိုင်းပြီး အရှုံး / အမြတ် ဖော်ပြမည် ဖြစ်ပါသည်။

စာရင်းစစ်အဖွဲ့မှ အကြံပြုသည့် MAS-21 The Effects of Changes in Foreign Exchange Rates နှင့် အညီလာမည့်နှစ်တွင် လိုက်နာဆောင်ရွက်မည်ဖြစ်ပါသည်။

၃၀.၉.၂၀၁၈ နှင့် ၃၀.၉.၂၀၁၇ နေ့ရှိ ထိန်းသိမ်းထားရှိရမည့် ငွေလက်ကျန်အခြေအနေများအား ဗဟိုဘဏ်၏ ညွှန်ကြားချက်အမှတ် FEMD-၂/၂၀၁၃-၁၄ ပါ အတိုင်းအောက်တွင်ဖော်ပြထားပါသည်။

၃၀.၉.၂၀၁၈ ရက်နေ့ရှိထိန်းသိမ်းထားရှိရမည့် ငွေလက်ကျန် အခြေအနေ (မြန်မာကျပ်သန်းပေါင်း)

| ငွေကြေးအမျိုးအစား | ဒေါ်လာ | ယူရို | စင်ကာပူ | အခြားငွေကြေး အမျိုးအစား | စုစုပေါင်း |
|---|---|---|---|---|---|
| ရပိုင်ခွင့်များ | ၈,၉၀၈ | ၁,၄၄၄ | ၂၂၅ | - | ၁၀,၅၇၇ |
| ပေးရန်တာဝန်များ | ၅,၁၇၈ | ၉၈၁ | ၁ | - | ၆,၁၆၀ |
| ထိန်းသိမ်းထားရှိရမည့်ငွေလက်ကျန်အခြေအနေ | ၃,၇၃၀ | ၄၆၃ | ၂၂၄ | - | ၄,၄၁၇ |
| အလွှာ(၁)ထိန်းသိမ်းထားရှိရမည့်ငွေလက်ကျန်အခြေအနေ | ၇.၀၉% | ၀.၈၈% | ၀.၄၃% | - | ၈.၄၀% |

ပထမပုဂ္ဂလိကဘဏ်လီမိတက်
(Incorporated in the Republic of the Union of Myanmar)
ဘဏ္ဍာရေးရှင်းတမ်းများနှင့် နောက်ဆက်တွဲစာရင်းများ

၃၀.၉.၂၀၁၇ ရက်နေ့ရှိထိန်းသိမ်းထားရှိရမည့် ငွေလက်ကျန် အခြေအနေ (မြန်မာကျပ်သန်းပေါင်း)

| ငွေကြေးအမျိုးအစား | ဒေါ်လာ | ယူရို | စင်ကာပူ | အခြားငွေကြေး အမျိုးအစား | စုစုပေါင်း |
|---|---|---|---|---|---|
| ရပိုင်ခွင့်များ | ၁၅,၀၆၄ | ၁,၄၆၃ | ၁၉၀ | - | ၁၆,၇၁၇ |
| ပေးရန်တာဝန်များ | ၁၀,၁၇၁ | ၁,၈၉၈ | - | - | ၁၂,၀၆၉ |
| ထိန်းသိမ်းထားရှိရမည့်ငွေလက်ကျန်အခြေအနေ | ၄,၈၉၄ | (၄၃၅) | ၁၈၉ | - | ၄,၆၄၈ |
| အလွှာ(၁)ထိန်းသိမ်းထားရှိရမည့်ငွေလက်ကျန်အခြေအနေ | ၁၀.၀၂% | -၀.၈၉% | ၀.၃၉% | - | ၉.၅၂% |

(ခ) Interest rate risk

ဘဏ်သည်အတိုးဝင်ငွေနှင့်စရိတ်ကိုထိခိုက်သော အချိန်ပိုင်းအပ်ငွေနှင့်ချေးငွေများအပေါ် အတိုးနှုန်းပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုကို ရင်ဆိုင်ရတတ်ပါသည်။

(ဂ) Credit risk

စာရင်းရေးသွင်းထားသောငွေကြေးနှင့်သက်ဆိုင်သည့်ရပိုင်ခွင့်များနှင့်ဆက်နွယ်လျက်ရှိသောအများဆုံး credit risk မှာ လက်ကျန်ရှင်းတမ်းတွင်ဖော်ပြထားသည့် ဆက်လက်သယ်ဆောင်သောတန်ဖိုးဖြစ်ပါသည်။ သို့ရာတွင် ၄င်းဆုံးရှုံးမှုများကို လျော့နည်းစေရန်မူဂါဒများကိုဘဏ်မှချမှတ်ထားပါသည်။

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် ၏ ညွှန်ကြားချက်အမှတ် ၁၇/၂၀၁၇

| ချေးငွေအမျိုးအစား | ပျက်ကွက်သည့်ရက် | အာမခံတန်ဖိုးလျော့နည်းမှုပေါ်တွင် လျာထားခြင်း |
|---|---|---|
| စံပြည့်သောချေးငွေ | ရက် ၃၀ အထိ | ၀% |
| စောင့်ကြည့်ရန်လိုသောချေးငွေ | ၃၁ရက် မှ ရက်၆၀ အထိ | ၅% |
| စံမပြည့်သောချေးငွေ | ၆၁ ရက်မှ ရက် ၉၀ အထိ | ၂၅% |
| ရရန်မသေချာသောချေးငွေ | ၉၁ ရက်မှ ရက် ၁၈၀ အထိ | ၅၀% |
| ရလမ်းမရှိသောချေးငွေ | ရက်ပေါင်း ၁၈၀နောက်ပိုင်း | ၁၀၀% |

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် ၏ ညွှန်ကြားချက်အမှတ် ၆/၁၉၉၅

| ချေးငွေအမျိုးအစား | ပျက်ကွက်သည့်ရက် | အာမခံတန်ဖိုးလျော့နည်းမှုပေါ်တွင် လျာထားခြင်း |
|---|---|---|
| စံမပြည့်သောချေးငွေ | ၆ လမှ ၁၂လ အထိ | ၀% |
| ရရန်မသေချာသောချေးငွေ | ၁၂လ မှ ၂၄ လအထိ | ၅၀% |
| ရလမ်းမရှိသောချေးငွေ | လပေါင်း ၂၄ နောက်ပိုင်း | ၁၀၀% |

## ၃၀.၉.၂၀၁၈ ရက်နေ့ရှိချေးငွေ အမျိုးအစားများ

(ကျပ် ထောင်ပေါင်း)

| ချေးငွေအမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ခြင်း | ဆုံးရှုံးနိုင်ခြေရှိသောချေးငွေများ | ဆုံးရှုံးနိုင်ခြေရှိသောချေးငွေများ၏ အတိုးများ | အာမခံပစ္စည်းတန်ဖိုး |
|---|---|---|---|
| စံမပြည့်သောချေးငွေ | - | - | - |
| ရရန်မသေချာသောချေးငွေ | ၆၉၄,၅၄ | ၂၆.၀၀ | ၁,၀၇၅.၀၀ |
| ရလမ်းမရှိသောချေးငွေ | ၅,၇၇၃.၅၇ | ၈၈၄.၅၄ | ၁၀,၉၄၂.၀၀ |
| | ၆,၄၆၈.၁၁ | ၉၁၀.၅၄ | ၁၂,၀၁၇.၀၀ |

ဘဏ္ဍာရေးနှစ် ၃၀.၉.၂၀၁၈ ကုန်ဆုံးသောနှစ်၏ စုစုပေါင်းရရန်မသေချာသောနှင့်ရလမ်းမရှိသောချေးငွေအချိုး

= ၇,၃၇၈.၆၅ / ၁၈၀,၄၂၁.၂၅ = ၄.၀၉ %

## ၃၀.၉.၂၀၁၇ ရက်နေ့ရှိချေးငွေ အမျိုးအစားများ

(ကျပ် ထောင်ပေါင်း)

| ချေးငွေအမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ခြင်း | ဆုံးရှုံးနိုင်ခြေရှိသောချေးငွေများ | ဆုံးရှုံးနိုင်ခြေရှိသောချေးငွေများ၏ အတိုးများ | အာမခံပစ္စည်းတန်ဖိုး |
|---|---|---|---|
| စံမပြည့်သောချေးငွေ | - | - | - |
| ရရန်မသေချာသောချေးငွေ | ၃,၃၀၃.၆၄ | - | ၆,၅၀၀.၀၀ |
| ရလမ်းမရှိသောချေးငွေ | - | - | - |
| | ၃,၃၀၃.၆၄ | - | ၆,၅၀၀.၀၀ |

ဘဏ္ဍာရေးနှစ် ၃၀.၉.၂၀၁၇ ကုန်ဆုံးသောနှစ်၏ စုစုပေါင်းရရန်မသေချာသောနှင့်ရလမ်းမရှိသောချေးငွေအချိုး

= ၃,၃၀၃.၆၄/ ၁၅၈,၄၆၃.၆၂ =၂.၀၈%

ဆုံးရှုံးနိုင်ခြေရှိသောချေးငွေများ

ဘဏ်၏စီမံအုပ်ချုပ်သူများသည် ဘဏ်၏ဆုံးရှုံးမှုအလားအလာရှိသောချေးငွေများအားအကဲဖြတ်ခြင်းနှင့် ချေးငွေဆုံးရှုံးမှုများအားလုံလောက်သောလျာထားမှုပြုလုပ်ရန်အတွက်ဗဟိုဘဏ်၏အမိန့်ကြော်ငြာစာပါအတိုင်းအနည်းဆုံးထားရှိရမည့်လိုအပ်ချက်များအတိုင်းစီစစ်ဆောင်ရွက်သည်။ ယခု၂၀၁၈ဘဏ္ဍာရေးနှစ် (Mini Budget) အတွင်းဆုံးရှုံးရန် အလားအလာရှိသောချေးငွေများ၏ အာမခံတန်ဖိုးများမှာရရန်ရှိအရင်းနှင့်အတိုးစုစုပေါင်းကိုကာမိသဖြင့် ယိုယွင်းဆုံးရှုံးမှု (impairment loss) သီးသန့်ထပ်မံလျာထားခြင်းများမရှိပါ။

(ယ) Liquidity and cash flow risk

ဘဏ်၏ငွေလက်ကျန်ပမာဏကိုငွေသားစီးဆင်းမှုချောမွေ့စေရန်နှင့် ငွေကြေးလွယ်ကူမှုရှိစေရန် ဒါရိုက်တာအဖွဲ့မှ လုံလောက်သည်ဟုယူဆသောပမာဏအတိုင်းစောင့်ကြည့်ထိန်းသိမ်းထားရှိပါသည်။

ဘဏ်၏ ၃၀.၉.၂၀၁၈ နေ့ရှိငွေကြေးလွယ်ကူမှုအချိုးမှာ ၂၈.၆၉% ဖြစ်ပြီးဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၇ တွင် သတ်မှတ်ထားသော ၂၀%ထက်ကျော်လွန်ပါသည်။

(c) Market risk

ဘဏ်သည်မည်သည့် Market risk နှင့်မျှထိတွေ့ရင်ဆိုင်နေရခြင်းမရှိပါ။

(စ) Compliance risk

ငွေကြေးဂန်ဆောင်မှုလုပ်ငန်းနှင့်သက်ဆိုင်သောဥပဒေနှင့်နည်းဥပဒေသို့မဟုတ်ကိုဥပဒေများကိုလိုက်နာရန်ပျက်ကွက်မှုသို့မဟုတ် မလိုက်နာမှုcompliancerisk များဖြစ်ပေါ်မှုမရှိပါ။

(ဆ) Operatinal risk

လုပ်ငန်းဆောင်ရွက်မှုတိုင်းတွင်ရှိရင်းခွဲဖြစ်သော Operationalrisk သည် ၎င်းတို့ကိုအထောက်အပံ့ပြုသည့် လုပ်ငန်းလုပ်ဆောင်မှုစနစ်များ၊ဌာနအတွင်းကြီးကြပ်ကွပ်ကဲမှုများ ပျက်ယွင်းခြင်းမှဖြစ်ပေါ်လာသော လုပ်ငန်းစွမ်းဆောင်ရည်မပြည့်ဝမှု၊ ငွေကြေးဆိုင်ရာ ဆုံးရှုံးမှုအတွက် အလားအလာဖြစ်ပါသည်။ Operational risk management ၏ရည်မှန်းချက်မှာဘဏ်၏လက်ခံနိုင်သောrisk အကန့်အသတ်ဘောင်အတွင်းမှကုန်ကျစရိတ်နှင့် riskကိုမျှတစေရန်နှင့်ကြီးမားသောငွေကြေးဆိုင်ရာအဖွဲ့အစည်းကြီးတစ်ခုတွင်လိုအပ်သောအမြော်အမြင်ရှိသည့်စီမံအုပ်ချုပ်မှုစနစ်နှင့်တသမတ်တည်းရှိစေရန်ဖြစ်ပါသည်။၎င်းriskများကိုမည်သည့်အခါမှအပြည့်အဝဖယ်ရှားနိုင်မည်မဟုတ်ကြောင်းနှင့်၎င်းriskများကိုလျော့ချရာတွင်ထိန်းချုပ်မှုစရိတ်များသည်ရရှိမည့်အကျိုးအမြတ်ထက်များနိုင်သည်ကို အသိအမှတ်ပြုထားပါသည်။ ထို့အတွက်ကြောင့် risk management နှင့် risk များကို လျော့ချရာတွင် လုပ်ငန်းများကို စဉ်ဆက်မပြတ်စီမံခန့်ခွဲခြင်းနှင့်ဖြစ်စဉ်ဖြစ်ရပ်များကိုစီမံခန့်ခွဲခြင်းစသည့်ကိစ္စရပ်များတွင်ဘဏ်မှဆက်လက်ရင်းနှီးမြှုပ်နှံထားပါသည်။ ဘဏ်၏riskနည်းဗျူဟာများအကောင်အထည်ဖော်မှုကိုအားဖြည့်ရာတွင်riskissueများအပေါ်တွင်သီးခြားလွတ်လပ်သော စစ်ဆေးမှုများကို ဌာနတွင်းစာရင်းစစ်မှတာဂန်ယူဆောင်ရွက်ရပါသည်။

(၈) Legal risk

Legal risk မှာ ဘဏ်၏စီးပွားရေးဆိုင်ရာလုပ်ဆောင်ချက်များမှ မရည်ရွယ်ဘဲသို့မဟုတ် မမျှော်လင့်ဘဲဖြစ်ပေါ်လာသော ဥပဒေဆိုင်ရာအကျိုးဆက်များဖြစ်ပါသည်။၎င်းတို့ထဲတွင်အောက်ပါအကြောင်းများမှဖြစ်ပေါ်လာသော riskများပါဝင်သည်။

(၁)စာရွက်စာတမ်းအထောက်အထားများပြည့်စုံစွာမှတ်တမ်းမတင်ခြင်း၊အခြားအဖွဲ့မှအခွင့်အာဏာပေးအပ်ခြင်းခံရသူ၏စွမ်းဆောင်ရည်မပြည့်ဝခြင်းနှင့်အခြားအဖွဲ့မှလူမှုခံရမှုတွင်စာချုပ်၏တရားဝင်မှုသို့မဟုတ်ခိုင်မာမှုမသေချာခြင်း၊

(၂)ဥပဒေသို့မဟုတ်နည်းဥပဒေများကိုချိုးဖောက်ခြင်းသို့မဟုတ်ချိုးဖောက်ရန်အလားအလာရှိခြင်း (ဘဏ်တစ်ခုကို ခွင့်မပြုထားသောလုပ်ငန်းနှင့်တရားမမှု သို့မဟုတ်ရာဇဝတ်မှုဒဏ်ငွေ သို့မဟုတ်ပြစ်ဒဏ်တစ်ရပ်ကျခံခြင်းအပါအဝင်)

(၃)ဘဏ်ပိုင်ပစ္စည်း ထိန်းသိမ်းကာကွယ်ရန်ပျက်ကွက်ခြင်းနှင့်

(၄)ပြည်သူများ၏တောင်းဆိုမှုဖြစ်ပေါ်လာနိုင်ခြင်း(တရားစွဲဆိုမှုသို့မဟုတ်အခြားအငြင်းပွားဖွယ်ရာများ အဖြစ်သို့ဦးတည်နေသော လုပ်ဆောင်ချက်များနှင့်အခြားဖြစ်ရပ်များအပါအဝင်)ဘဏ်မှခန့်အပ်ထားသောဥပဒေအကြံပေးများ၏ထိရောက်သောအသုံးချနိုင်စွမ်းမှတဆင့် legal risk များကိုဖော်ထုတ်၍စီမံခန့်ခွဲပါသည်။

(၈၂) Tax risk

Taxriskသည်အခွန်ဥပဒေသို့မဟုတ်နှုန်းထားအဓိပ္ပာယ်ဖွင့်ဆိုရာတွင်မှားယွင်းခြင်းသို့မဟုတ်ပြောင်းလဲခြင်းနှင့်ဆက်နွယ်နေသောဆုံးရှုံးမှုသို့မဟုတ်တိုးမြင့်လာသောကုန်ကျစရိတ်ဖြစ်ပါသည်။

## ၈။ ပုံသေပိုင်ပစ္စည်းများ

ဒါရိုက်တာအဖွဲ့၏ အတည်ပြုချက်ရရှိပြီးသော အသေးစိတ်ဇယားအား နောက်ဆက်တွဲ (၁) ဖြင့် ဖော်ပြထားပါသည်။

## ၉။ ခွင့်ပြုမတည်ရင်းနှီးငွေ

၃၀.၉.၂၀၁၈ နေ့ရှိ ဘဏ်၏ သတ်မှတ်မတည်ငွေရင်းမှာ မြန်မာကျပ် ဘီလီယံ ၁၀၀ ဖြစ်ပြီး အစုရှယ်ယာ တစ်စောင်လျှင် မြန်မာကျပ် ၁၀,၀၀၀ နှုန်းဖြင့် အစုရှယ်ယာ စုစုပေါင်း ၂,၄၇၂,၀၅၃ ထုတ်ဝေထားပြီးဖြစ်၍ ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေ စုစုပေါင်းမှာ မြန်မာကျပ် ၂,၄၇၂,၀၅၃,၀၀၀ ဖြစ်ပါသည်။ ယခုဘဏ္ဍာရေးနှစ် ၂၀၁၈ အတွင်း ထပ်မံထုတ်ဝေသော အစုရှယ်ယာများမရှိပါ။

## ၁၀။ ရန်ပုံငွေများ

**ဥပဒေပြဋ္ဌာန်းအထွေထွေသီးသန့်ငွေ**
ဘဏ်သည် ဥပဒေပြဋ္ဌာန်းအငွေထွေသီးသန့်ငွေအတွက် အခွန်နှုတ်ပြီးအသားတင်အမြတ်ငွေ၏ ၂၅% အား ငွေရေးကြေးရေးအဖွဲ့အစည်းဥပဒေ ပုဒ်မ ၃၅ ပုဒ်မခွဲ (က) နှင့် အညီ လျာထားမှုများပြုလုပ်ထားပါသည်။

**အထွေထွေလျာထားငွေ (ချေးငွေ)**
ဘဏ်သည် ချေးငွေနှင့် ရရန်ရှိစာရင်းများ၏ ၂% အားဗဟိုဘဏ်၏ ညွှန်ကြားချက် ၁၇/၂၀၁၇ နှင့်အညီ လျာထားမှုများ ပြုလုပ်ထားပါသည်။

## ၁၁။ အပ်ငွေများ

| | ၃၀.၉.၂၀၁၈<br>ကျပ် | ၃၀.၉.၂၀၁၇<br>ကျပ် |
|---|---|---|
| စာရင်းရှင် အပ်ငွေ | ၄,၈၁၉,၉၂၈,၈၈၉ | ၅,၁၀၉,၀၇၅,၂၀၅ |
| ငွေစုဘဏ် အပ်ငွေ | ၁၀၉,၇၂၀,၉၂၆,၇၇၄ | ၉၇,၆၃၂,၇၄၃,၅၉၄ |
| ခေါ်ယူ အပ်နှံငွေ | ၃,၃၃၅,၄၉၅,၈၁၆ | ၂,၃၄၀,၁၇၄,၅၀၅ |
| စာရင်းသေ အပ်ငွေ | ၈၂,၀၆၂,၄၁၃,၈၅၈ | ၆၁,၀၆၃,၄၇၇,၇၇၁ |
| Mobile Money | ၂၁၄,၀၃၅,၃၇၀ | ၁၆,၄,၃၃၀,၃၈၇ |
| စာရင်းရှင်အပ်ငွေ ( နိုင်ငံခြားငွေ) | ၃,၉၇၀,၁၇၂,၁၂၃ | ၁၁,၃၈၂,၀၃၄,၅၁၂ |
| | ၂၀၄,၁၂၂,၉၇၂,၈၃၀ | ၁၇၇,၆၉၁,၈၃၅,၉၇၄ |

## ၁၄။ အတိုးစရိတ်

| | ၃၁.၉.၂၀၁၈<br>ကျပ် | ၃၁.၉.၂၀၁၇<br>ကျပ် |
|---|---|---|
| စာရင်းသေ အပ်ငွေ ပေါ် အတိုး | ၃,၆၃၂,၁၆၉,၀၆၆ | ၂,၇၉၈,၇၇၅,၉၄၉ |
| ခေါ်ယူ အပ်နှံငွေပေါ် အတိုး | ၇၁,၂၇၆,၀၁၉ | ၇၄,၇၈၅,၂၈၂ |
| ငွေစု ဘဏ်အပ်ငွေ ပေါ် အတိုး | ၄,၂၀၁,၅၉၁,၉၂၈ | ၃,၈၀၂,၁၁၇,၉၈၁ |
| အစိုးရ ငွေတိုက်စာချုပ်များ ပေါင်နှံမှုပေါ် အတိုး | | ၃၀,၁၃၆,၉၈၆ |
| အခြားဘဏ်များသို့ပေးရသောအတိုးစရိတ် | ၅၇၅,၃၄၂ | - |
| | ၇,၉၀၅,၆၁၂,၃၅၅ | ၆,၇၀၅,၈၁၆,၁၉၈ |

**အမျိုးမျိုးသော အပ်ငွေ များပေါ် ကောက်ခံသည့် အတိုးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။**

| | ၂၀၁၈<br>တစ်နှစ် စာ အတိုးနှုန်းများ | ၂၀၁၇<br>တစ်နှစ် စာ အတိုးနှုန်းများ |
|---|---|---|
| စာရင်းသေအပ်ငွေပေါ်အတိုးနှုန်း | | |
| သုံးလအပေါ်အတိုးနှုန်း | ၉.၂၅% | ၉.၂၅% |
| ခြောက်လအပေါ်အတိုးနှုန်း | ၉.၅၀% | ၉.၅၀% |
| ကိုးလအပေါ်အတိုးနှုန်း | ၉.၇၅% | ၉.၇၅% |
| တစ်နှစ်အပေါ်အတိုးနှုန်း | ၁၀.၀၀.% | ၁၀.၀၀.% |
| ခေါ်ယူအပ်နှံငွေပေါ်အတိုးနှုန်း | ၄.၀၀% | ၄.၀၀% နှင့် ၅.၀၀% |
| ငွေစုဘဏ်နှံငွေအပေါ်အတိုးနှုန်း | ၈.၂၅% | ၈.၂၅% |

## ၁၅။ အခြားဝင်ငွေ

| | ၃၁.၉.၂၀၁၈<br>ကျပ် | ၃၁.၉.၂၀၁၇<br>ကျပ် |
|---|---|---|
| ကော်မရှင် ရငွေ (Mobile A/C) | ၅,၈၂၁,၄၇၁ | ၂,၄၆၆,၅၆၂ |
| ကော်မရှင် ရငွေ (Western Union) | ၇၇,၀၈၁,၅၇၉ | ၆၃,၆၆၅,၇၇၉ |
| ကော်မရှင်ရငွေ(ငွေလွှဲ) | ၁၀၆,၈၃၆,၇၉၁ | ၉၈,၀၅၉,၈၃၆ |
| ကော်မရှင် ရငွေ (Fire insurance) | ၃၂,၀၆၈,၁၃၅ | ၂၀,၈၈၂,၀၀၉ |
| ကော်မရှင် ရငွေ (Hire Purchase) | ၈,၃၃၆,၀၀၀ | ၁,၆၆၅,၀၀၀ |
| ကော်မရှင် ရငွေ (Bank Guarantee) | ၅,၅၂၉,၂၅၅ | ၁၆,၂၁၆,၄၄၇ |
| Income from other transactions | ၈၈၇,၄၅၁,၁၃၀ | ၁,၀၀၂,၃၇၄,၀၇၅ |
| Income from currency translation | ၃၄၉,၃၈၅,၀၄၅ | ၂၄၀,၁၆၄,၁၂၁ |
| Swift Comission (LC) | ၁၀,၉၂၇,၁၁၆ | ၂,၈၉၂,၂၅၇ |
| Bill Collection Charges | ၁,၉၂၈,၁၄၅ | ၅၃၀,၄၇၀ |
| အထွေထွေရငွေ | ၄၄,၈၂၅,၆၄၃ | ၁၀၇,၉၅၆,၃၅၉ |
| | ၁,၅၃၀,၁၉၀,၃၁၀ | ၁,၅၅၆,၈၇၂,၉၁၅ |

## ၁၆။ ဝန်ထမ်းရေးရာစရိတ်များ

| | ၃၁.၉.၂၀၁၈<br>ကျပ် | ၃၁.၉.၂၀၁၇<br>ကျပ် |
|---|---|---|
| လစာ နှင့်ခွင့်ပြုငွေ | ၆၁၃,၇၉၃,၁၂၂ | ၄၀၁,၂၃၇,၀၇၃ |
| ရှားပါးစရိတ် | ၂၆၀,၂၅၇,၈၆၃ | ၃၅၅,၆၁၈,၂၂၂ |
| ခရီးစရိတ် | ၁၇,၇၁၈,၈၈၆ | ၁၆,၈၄၅,၅၂၈ |
| ဝန်ထမ်းဝတ်စုံ | ၆,၆၅၁,၃၅၀ | ၁,၆၁၇,၃၀၀ |
| အချိန်ပိုကြေး | ၅၁,၀၃၀,၃၇၅ | ၅၂,၀၉၂,၅၆၄ |
| နယ်စရိတ် | ၁၀,၁၈၅,၀၀၀ | ၂၆,၃၉၅,၄၃၅ |
| Degree allowance | ၄,၄၄၅,၀၀၀ | ၅,၄၃၄,၀၀၀ |
| လူမှုဖူလုံရေးကြေးနှင့် အိုနာစာရန်ပုံငွေ | ၃၁,၃၃၂,၆၈၆ | ၂၇,၅၇၉,၀၅၈ |
| | ၉၉၅,၄၁၄,၂၈၂ | ၈၈၆,၈၁၉,၁၈၀ |

**၁၇။ စီမံခန့်ခွဲမှုစရိတ်များ**

| | ၃၀.၉.၂၀၁၈<br>ကျပ် | ၃၀.၉.၂၀၁၇<br>ကျပ် |
|---|---|---|
| ဒါရိုက်တာ၏ လုပ်ခလစာနှင့်အခကြေးငွေ | ၈၂,၂၀၄,၉၀၀ | ၄၄,၅၀၁,၀၀၀ |
| ဌားရမ်းခ၊မီတာခ နှင့် ရေဖိုးများ | ၆၂,၉၃၆,၀၇၇ | ၆၁,၀၉၉,၀၁၅ |
| ပြုပြင်မွမ်းမံစရိတ် | ၄၉,၅၃၂,၁၇၉ | ၁၅,၀၄၈,၈၁၀ |
| အစည်းအဝေးစရိတ် | ၁၆,၁၇၉,၇၀၀ | ၁၃,၈၉၃,၈၃၁ |
| အာမခံကြေး | ၃,၀၈၁,၇၉၂ | ၂,၉၀၈,၂၆၀ |
| အခွန်စရိတ်များ | ၃,၉၉၂,၂၈၁ | ၃,၃၆၄,၆၁၉ |
| ရုံးသုံးပစ္စည်များ | ၂၃,၃၁၁,၈၂၆ | ၂၇,၈၂၄,၀၅၀ |
| ဆက်သွယ်ရေးရာစရိတ် | ၄၅,၉၄၀,၂၉၄ | ၄၆,၁၉၂,၃၄၄ |
| သယ်ယူပို့ဆောင်မှုစရိတ် | ၃၄,၇၁၈,၃၃၄ | ၅၄,၈၅၂,၆၄၆ |
| အထွေထွေစရိတ် | ၅၉,၀၁၅,၄၉၁ | ၅၂,၅၇၇,၇၂၅ |
| ပုံသေပိုင်ပစ္စည်းစာရင်းပယ်ဖျက်ခြင်း | ၅၇၄,၅၇၃ | - |
| စာရင်းစစ်ကြေး | ၅,၀၀၀,၀၀၀ | ၅,၀၀၀,၀၀၀ |
| Trainning expenses | ၇၁၄,၀၀၀ | ၅,၅၁၂,၈၀၀ |
| မှတ်ပုံတင် နှင့် လိုင်စင်ကြေးများ | ၂၉၁,၄၂၅,၈၆၂ | ၃၉,၆၅၂,၇၃၀ |
| အခြားအခကြေးငွေနှင့်စရိတ်များ | ၆,၂၇၄,၅၃၁ | ၉,၇၃၅,၄၁၆ |
| | ၆၈၄,၉၀၁,၈၄၀ | ၃၈၂,၁၆၃,၂၄၆ |

**၁၈။ ပေါ်ကောင်းပေါ်ပေါက်လာနိုင်သော ပေးရန်တာဝန်များ**

ဘဏ်၏စီမံအုပ်ချုပ်သူများအနေဖြင့် လက်ရှိဘဏ်လုပ်ငန်းလည်ပတ်မှုအား ထိခိုက်စေနိုင်သော ပေါ်ကောင်းပေါ်ပေါက်လာနိုင်သော ပေးရန်တာဝန်များမရှိဟု ထင်မြင်ယူဆပါသည်။

**၁၉။ ဘဏ်နှင့်ဆက်နွယ်နေသူများနှင့် ပတ်သက်သောအချက်အလက်များ**

| စီမံအုပ်ချုပ်သူများနှင့် ဆက်စပ်သောအချက်အလက်များ | ၃၀.၉.၂၀၁၈<br>(ကျပ်) | ၃၀.၉.၂၀၁၇<br>(ကျပ်) |
|---|---|---|
| ဒါရိုက်တာများ၏ လုပ်ခလစာ နှင့် အခကြေးငွေ | ၁၇,၀၀၆,၀၀၀ | ၁၅,၆၆၆,၀၀၀ |
| အခြားခံစားခွင့်များ | ၆၅,၁၉၈,၉၀၀ | ၂၈,၈၃၅,၀၀၀ |
| | ၈၂,၂၀၄,၉၀၀ | ၄၄,၅၀၁,၀၀၀ |

ဘဏ်သည်ဌင်း၏ ဆက်နွယ်နေသူများနှင့် ဆက်ဆံရာတွင် အများပြည်သူနှင့် ဆက်ဆံမှုများပြုသကဲ့သို့ ပြုလုပ်ပြီး သာမန်ထက်မပိုသော ပြုလုပ်ခြင်းများဖြင့် ပြုလုပ်ပါသည်။

| | ၂၀၁၈<br>(ကျပ်သန်းပေါင်း) | ၂၀၁၇<br>(ကျပ်သန်းပေါင်း) |
|---|---|---|
| ချေးငွေ | ၁၁,၃၀၀.၀၀ | ၅,၂၇၀.၀၀ |
| စာရင်းပိုထုတ် ချေးငွေ | ၉၀၈.၆၂ | ၄,၆၂၈.၆၄ |
| | ၁၂,၂၀၈.၆၂ | ၉,၈၉၈.၆၄ |

**ဘဏ်နှင့်ဆက်နွယ်နေသူများနှင့် ပတ်သက်သောအခြားအချက်အလက်များ**

၃၀.၉.၂၀၁၈ နေ့ရှိ ချေးငွေနှင့် ရရန်ရှိစာရင်းများတွင် ဘဏ်နှင့် ဆက်နွယ်နေသူများအား ထုတ်ချေးထားသော ချေးငွေ သန်းပေါင်း ၁၁,၃၀၀ ရှိ၍ စာရင်းပိုထုတ်ချေးငွေ သန်း ပေါင်း ၉၀၈.၆၂ ရှိပါသည်။

## ဘဏ္ဍာရေးအချိုးများစီစစ်ခြင်း

**၁။မတည်ရင်းနှီးငွေလုံလောက်မှုအချိုး**

၃၀.၀၉.၂၀၁၈ နေ့ရှိ အဆိုပါအချိုးသည် ၂၁.၄၇% ရှိသဖြင့် ဗဟိုဘဏ် ၏ ညွှန်ကြားချက် အမှတ်(၁၆/၂၀၁၇) အရ သတ်မှတ် ထားသော ၈% ထက်ကျော်လွန်ပါသည်။

**၂။ဗဟိုဘဏ်လက်ကျန်ငွေနှင့်အနည်းဆုံးထားရှိရမည့်သီးသန့်ရန်ပုံငွေတို့၏အချိုး**

၃၀.၉.၂၀၁၈ နေ့ရှိဘဏ်၏ အဆိုပါ အချိုးသည် ၅.၄၇% ရှိသဖြင့် ဗဟိုဘဏ်၏ ညွှန်ကြားချက်အမှတ် (၁၀/၂၀၁၅) အရ သတ်မှတ်ထားသော ၅% ထက် ကျော်လွန်ပါသည်။

**၃။ငွေကြေးဆပ်နိုင်အားအချိုး**

$$= \frac{\text{စုစုပေါင်းရပိုင်ခွင့်များ}}{\text{စုစုပေါင်းပေးရန်တာဝန်များ}} = ၁.၂၆း၁$$

အထက်ပါ အချိုးအရ ဘဏ်သည် ၄င်း၏ ပေးရန်တာဝန်များအား ပေးချေရန်အတွက် လုံလောက်သော ပိုင်ဆိုင်မှုများ ရှိကြောင်း ညွှန်ပြပါသည်။

**၄။အစုရှင်များထည့်ဝင်ငွေအပေါ်ပြန်ရချက်** (၂၀၁၈ခုနှစ်ဖြေလမှုစက်တင်ဘာလအထိ)

$$= \frac{\text{အခွန်မနှတ်မီ အသားတင်အမြတ်}}{\text{အစုရှင်များရင်းနှီးမြှုပ်နှံမှု}} \times ၁၀၀ = ၅.၆၈\%$$

$$= \frac{\text{အခွန်နှုတ်ပြီးအသားတင်အမြတ်}}{\text{အစုရှင်များရင်းနှီးမြှုပ်နှံမှု}} \times ၁၀၀ = ၄.၅၄\%$$

**၅။အစုရှင်များထည့်ဝင်ငွေအပေါ်ပြန်ရချက်** (၂၀၁၈ခုနှစ်ဖြေလမှုစက်တင်ဘာလအထိ)

$$= \frac{\text{အခွန်မနှတ်မီ အသားတင်အမြတ်}}{\text{အစုရှင်များထည့်ဝင်ငွေ}} \times ၁၀၀ = ၁၂.၉၄\%$$

$$= \frac{\text{အခွန်နှုတ်ပြီးအသားတင်အမြတ်}}{\text{အစုရှင်များထည့်ဝင်ငွေ}} \times ၁၀၀ = ၁၀.၃၅\%$$

**၆။အစုရှင်များ၏ပိုင်ဆိုင်ခွင့်အချိုး**

$$= \frac{\text{အစုရှင်များပိုင်ဆိုင်ခွင့်}}{\text{အစုရှင်များထည့်ဝင်ငွေ}} = ၂.၂၈$$

**၇။အစုရှယ်ယာတစ်ခုအတွက်အသားတင်အမြတ်** (၂၀၁၈ခုနှစ်ဖြေလမှုစက်တင်ဘာလအထိ)

$$= \frac{\text{အခွန်နှုတ်ပြီးအသားတင်အမြတ်}}{\text{အလေးပေးပျမ်းမျှအစုရှယ်ယာ}} = ၁,၀၃၅$$

**၈။ ချေးငွေနှင့် အပ်ငွေအချိုး**

$$= \frac{\text{စုစုပေါင်းချေးငွေ}}{\text{စုစုပေါင်းအပ်ငွေ}} = ၈၈.၃၉\%$$